SPORTS VIEW JOURNAL

အားကစားအမြင် ဂျာနယ်

အတွဲ (၄)၊ အမှတ် (၄၃)

အောက်တိုဘာ (၂၉)ရက် (ကြာသပတေး)၊ ၂၀၁၅ ခုနှစ်

# အပြာနဲ့ အနီ အားပြိုင်ပွဲမှာ

# ဘယ်အသင်းအောင်ပွဲခံမလဲ

ပရီးမီးယားလိဂ်ကလပ်အသင်းတွေမှာ အမည်ပြောင်တွေရှိကြတဲ့အနက် ချဲလ်ဆီးကိုအပြာ ( The Blues ) ဟု ခေါ်ဆိုပြီး လီဗာပူးကို အနီ(The Reds)လို့ အမည်ပေးကြပါတယ်။ ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ်မှာ ချဲလ်ဆီးနဲ့လီဗာပူးတို့ ထိပ်တိုက်ဆုံနေကြပြီး ဖိအားတွေ ကိုယ်စီရှိနေတဲ့ အသင်းနှစ်သင်းအနက် ဘယ်အသင်းရလဒ်ကောင်းမယ်ဆိုတာ စိတ်ဝင်စားစရာ ကောင်းနေပါတယ်။ ချဲလ်ဆီးက လက်ရှိချန်ပီယံ ဖြစ်ပေမယ့် နိုင်ပွဲတစ်ပွဲရဖို့ ရုန်းကန်နေရတယ်။ လီဗာပူးကလည်း ရလဒ်တွေဆိုးရွားခဲ့ပြီးနောက် ဂျာဂင်ကလော့ကို နည်းပြသစ်ခန့်အပ်ခဲ့ပေမယ့် တိုးတက်မလာသေးပါဘူး။ နိုင်ပွဲတွေလိုအပ်နေတဲ့ အသင်းနှစ်သင်း ပြိုင်ဆိုင်မှု၊ တစ်နည်းအားဖြင့် အပြာနဲ့အနီ အားပြိုင်ပွဲမှာ ဘယ်အသင်း အောင်ပွဲခံနိုင်မလဲဆိုတာတော့....



SPORTS VIEW JOURNAL

ပရီးမီးယားလိဂ် ကလပ်တွေမှာ ချစ်စနိုးနဲ့ အပြောင်အပျက်သဘော မှည့်ခေါ်ထားတဲ့ အမည်ပြောင်တွေ ရှိကြပါတယ်။ မန်ယူဆိုရင်သရဲနီ( The Red Devils)၊ အာဆင်နယ်ကို အမြောက်ကြီး(The Gunners)၊ မန်စီးတီးကို မိုးပြာရောင်(The sky blues) စသည်ဖြင့် အမည်ပြောင်တွေ ရှိကြပါတယ်။ ချဲလ်ဆီးအသင်းရဲ့ အမည်ပြောင်ကတော့ အပြာ(The Blues)ဖြစ်ပြီး လီဗာပူးအသင်းရဲ့အမည်ပြောင်က အနီ (The Reds) ဖြစ်ပါတယ်။








# အပြာနဲ့ အနီ အားပြိုင်ပွဲမှာ ဘယ်အသင်းအောင်ပွဲခံမလဲ

မျိုးမင်းအောင်

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ်မှာ မန်စီးတီး၊ မန်ယူ၊ အာဆင်နယ်စတဲ့ ထိပ်သီးအသင်းတွေက ခြေစွမ်းတစ်ဆင့်နိမ့်တဲ့ အသင်းတွေနဲ့သာ တွေ့ဆုံနေပါတယ်။ ဒီတစ်ပတ်မှာ အသင်းကြီးအချင်းချင်း ထိပ်တိုက်ဆုံတဲ့ပွဲကတော့ ချဲလ်ဆီးနဲ့ လီဗာပူးတို့ ဆုံနေတဲ့ပွဲပါပဲ။ ပရီးမီးယားလိဂ်ရဲ့ အပြာနဲ့အနီ အားပြိုင်ပွဲပေါ့။ ဒီရာသီမှာ အခက်အခဲတွေ ကိုယ်စီကြုံဆုံနေရတဲ့ အသင်းနှစ်သင်းရဲ့ ပွဲစဉ်က အကြိတ်အနယ်ရှိလာမှာကတော့ သံသယဝင်စရာ မရှိပါဘူး။

ပရီးမီးယားလိဂ် ဘောလုံးရာသီ မစတင်ခင်မှာတော့ ချဲလ်ဆီး ရေပန်းအစားဆုံးဖြစ်ခဲ့ပြီး လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်မယ်လို့ သုံးသပ်ခံခဲ့ရတယ်။ ဒါပေမဲ့ရာသီလည်းစရော ချဲလ်ဆီးဟာ လက်ရှိချန်ပီယံ အသင်းတစ်သင်းရဲ့ ခြေစွမ်းမပြနိုင်တော့ပါဘူး။ ရာသီအစအိမ်ကွင်းပွဲစဉ်မှာ ဆွမ်ဆီးကို သရေကျအောင် မနည်းအားထုတ်ခဲ့ရတယ်။ အဲဒီနောက် ချန်ပီယံဆုအတွက် အဓိက ပြိုင်ဆိုင်ရမယ့် မန်စီးတီးကို ၃ ဂိုးပြတ်အရေးနိမ့်ခဲ့ရပါတယ်။ အဲဒီနောက်ပိုင်းမှာ ချဲလ်ဆီးဟာ တစ်ပွဲ နိုင်လိုက်၊ ၂ ပွဲလောက်နိုင်ပွဲပျောက်လိုက်နဲ့ ပွဲစဉ် ၉ ကစားပြီးချိန်မှာ အမှတ်ပေးဇယားရဲ့ အဆင့် ၁၂ နေရာကို ရောက်ရှိသွားရတယ်။ ချဲလ်ဆီးနဲ့ရင်ဆိုင်ဖို့ ဘယ်အသင်းမှ မကြောက်တော့တဲ့ အနေအထားကို ရောက်ရှိသွားခဲ့တယ်။ ချဲလ်ဆီးဟာ ထိပ်ဆုံးကမန်စီးတီးနဲ့ ၁၀ မှတ်ကွာဟသွားပြီး ချန်ပီယံဘွဲ့ကို ကာကွယ်ဖို့ အသာထားလို့ ထိပ်ဆုံး ၄ သင်း အတွင်း ဝင်ရောက်နိုင်ဖို့တောင် အသည်းအသန် ဖြစ်သွားရပါတယ်။

ချဲလ်ဆီးဟာ အသင်းရဲ့ နေရာစုံမှာ လိုအပ်ချက်တွေရှိနေခဲ့ပြီး အသိသာဆုံးကတော့ ခံစစ်လို့ ဆိုရပါလိမ့်မယ်။ မော်ရင်ဟိုဆိုတာ ခံစစ်အားသန်တဲ့ နည်းပြ၊ သူကိုင်တွယ်တဲ့အသင်းတိုင်း ခံစစ်ခိုင်မာကြပါတယ်။ ဒီရာသီ ချဲလ်ဆီးအသင်းကတော့ ခြွင်းချက်လို့ ဆိုရမယ်။ ပရီးမီးယားလိဂ် ၉ ပွဲကစားပြီးချိန်မှာ ၁၇ ဂိုးပေးထားရပြီး ခံစစ်အညံ့ဆုံးအသင်းတွေထဲမှာ တစ်သင်းအပါအဝင် ဖြစ်နေခဲ့တယ်။ မနှစ်က လက်စွမ်းပြခဲ့တဲ့ ကော့တွိုက်စ်ကပွဲပယ်၊ ဒဏ်ရာပြဿနာတွေကြောင့် မပါဝင်နိုင်ချိန်မှာ ချဲလ်ဆီးရဲ့ပေးဂိုးနှုန်းတွေ မြင့်တက်လာခဲ့တယ်။ ဆယ်စုနှစ်တစ်ခုလောက်အတွင်း ပရီးမီးယားလိဂ်ရဲ့ အကောင်းဆုံး နောက်ခံလူတစ်ဦးအဖြစ် ရပ်တည်ခဲ့တဲ့ တယ်ရီဟာ အကောင်းဆုံးအချိန်တွေကို ကျော်လွန်သွားပြီလို့ သုံးသပ်ရမှာပါ။ အသက်အရွယ်အရ တယ်ရီဟာ ပရီးမီးယားလိဂ်ရဲ့ မြန်ဆန်တဲ့တိုက်စစ်မှူးတွေကို မထိန်းချုပ်နိုင်တော့ပါဘူး။ တွဲဖက်ခံစစ်မှူး ဂယ်ရီကာဟေးလ်ကလည်း တယ်ရီနဲ့ အမှားပြိုင်၊ အိုင်ဗန်နိုဗစ်ကလည်း အရင်လိုမဟုတ်တော့ ချဲလ်ဆီးအသင်း ဒီလောက်ဂိုးတွေပေးနေရတာ မထူးဆန်းပါဘူး။

ဒီကြားထဲ ချဲလ်ဆီးရဲ့ အဓိကတိုက်စစ်မှူး ကော်စတာက အိုဗာဝိတ်ဖြစ်လာခဲ့ပြီး ဟာဇက်က သာမန်ကစားသမားဖြစ်သွားတယ်။ ဖာဘရီဂတ်စ်ရဲ့ ဖန်တီးမှုတွေ ပျောက်ဆုံးသွားတယ်။ မာတစ်ရဲ့ ကွင်းလယ်အဖျက်စွမ်းရည်တွေ လျော့ကျခဲ့ရတယ်။ ဒီအတွက် နည်းဗျူဟာပါရမီရှင်လို့ ဆိုကြတဲ့ မော်ရင်ဟိုလည်း မကယ်နိုင်၊ လက်မှိုင်ချရတဲ့ကိန်းဆိုက်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ မော်ရင်ဟိုရဲ့ ချဲလ်ဆီးနဲ့အနာဂတ်က မတည်ငြိမ်မှုတွေဖြစ်ပေါ်ခဲ့ရတယ်။ လတ်တလောမှာ ချဲလ်ဆီး တာဝန်ရှိသူတွေက မော်ရင်ဟိုကို ထောက်ခံချက်ပေးထားပေမယ့်လည်း ဒီလိုသာရလဒ်ဆိုးနေဦးမယ်ဆိုရင် မော်ရင်ဟိုအနေနဲ့ စတမ်းဖို့ဒ်ဘရစ်ချ်ကို ဒုတိယအကြိမ် ကျောခိုင်းသွားရဦးမှာ သေချာနေတဲ့ အရာတစ်ခုပါ။



အပြာရောင်က မလူးသာ၊ မလွန့်သာ ဖြစ်နေချိန်မှာ အနီရောင် လီဗာပူးကလည်း အခြေအနေဆိုးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ လီဗာပူးဟာ ပြီးခဲ့တဲ့ ရာသီကတည်းက ကျဆင်းလာခဲ့တာဖြစ်ပြီး ဒီရာသီမှာတော့ အဖတ်ဆယ်လို့ မရတော့ပါဘူး။ ရာသီအစမှာ စတုတ်စီးတီးနဲ့ဘုန်းမောက်တို့ကို အနိုင်ရပြီးနောက် ပြိုင်ပွဲစုံ ၉ ပွဲကစားခဲ့ရာမှာ တစ်ပွဲသာအနိုင်ရခဲ့တာကြောင့် နည်းပြရော်ဂျာတစ်ယောက် အန်ဖီးလ်ကို ကျောခိုင်းစွန့်ခွာသွားရတယ်။ သူ့နေရာမှာ ဒေါ့မွန်နည်းပြဟောင်း ဂျာဂင်ကလော့ အစားဝင်လာခဲ့တယ်။ ကလော့ရဲ့ ပွဲဦးထွက်မှာ စပါးကို ဂိုးမရှိသရေကစား နိုင်ခဲ့ပေမယ့် ခြေစွမ်းသိသိသာသာ ပြောင်းလဲတိုးတက်လာတာမျိုး မရှိခဲ့ပါဘူး။ လက်ရှိအချိန်မှာ ဆောက်သမ်တန်နဲ့ပွဲက ခြေစွမ်းကိုမမြင်ရသေးပေမယ့် ဂျာဂင်ကလော့အနေနဲ့ လီဗာပူးကို လမ်းကြောင်းမှန်ပေါ် ပြန်တင်ပေးဖို့ ကြိုးစားရာမှာ အခက်အခဲတွေ ရှိနေဦးမှာပါ။

လီဗာပူးအသင်းရဲ့ လတ်တလော အခက်အခဲကတော့ တိုက်စစ်မှူးအများစု ဒဏ်ရာရနေကြတာပါပဲ။ စတာရစ်ချ်က ချဲလ်ဆီးနဲ့ပွဲအမီ ပြန်ကောင်းလာဖို့ရှိပေမယ့် ဒဏ်ရာတွေနဲ့ လုံးပမ်းခဲ့ရတဲ့ အနေအထားကြောင့် ယုံကြည်စရာမရှိပါဘူး။ ဒန်နီအင့်စ်က တစ်ရာသီလုံး နားရတော့မယ်။ ဖာမီနိုက နောက်ကျောဒဏ်ရာရထားတယ်။ ဘန်တီကီကလည်း ဒဏ်ရာက နာလန်ထစ ဖြစ်နေတယ်။ တိုက်စစ်မှူးတွေအပြင် အသင်းခေါင်းဆောင် ဟန်ဒါဆင်၊ နောက်ခံလူ ဂိုမက်ဇ်၊ လိုဗရန်တို့မှာလည်း ဒဏ်ရာတွေရှိနေပါတယ်။ ကြံ့ခိုင်မှုမပြည့်ဝတဲ့ ကစားသမားတွေ များပြားနေတာကြောင့် နည်းပြကလော့အနေနဲ့ သူ့စိတ်ကြိုက် မြန်နှုန်းမြင့်တိုက်စစ်ကစားဟန်ကို အကောင်အထည်ဖော်ရာမှာ အဆင်မပြေမှုတွေ အများကြီးရှိလာမှာပါ။

ချဲလ်ဆီးနဲ့လီဗာပူးတို့ရဲ့နောက်ဆုံး ထိပ်တိုက်တွေ့ဆုံမှုတွေကိုကြည့်မယ်ဆိုရင် ချဲလ်ဆီးကအသာရတာများခဲ့ပါတယ်။ အိမ်ကွင်း၊ အဝေးကွင်း နောက်ဆုံး ၆ ကြိမ်တွေ့ဆုံရာမှာ ချဲလ်ဆီးက ၄ ကြိမ်အနိုင်ရထားတာ တွေ့ရပါတယ်။ ဒီအထဲမှာ အမှတ်ရစရာ အကောင်းဆုံးပွဲကတော့ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၇ ရက်၊ အန်ဖီးလ်မှာ ကစားခဲ့တဲ့ပွဲပါပဲ။ လီဗာပူးဟာ ပရီးမီးယားလိဂ်ဖလားကို ပထမဆုံးအကြိမ် ရရှိဖို့ အလားအလာကောင်းခဲ့ပေမယ့် ချဲလ်ဆီးကို ရှုံးနိမ့်သွားတာကြောင့် ဖလားလက်လွတ်ခဲ့ရတယ်။ ဂျာရတ်ရဲ့ ချော်လဲမှုတစ်ခုကနေ ခါးသီးစွာအရေးနိမ့်ခဲ့ရတာပါ။ ပြီးခဲ့တဲ့ရာသီမှာလည်း ပရီးမီးယားလိဂ်ပြိုင်ပွဲနဲ့ ကက်ပီတယ်ဝမ်း ပြိုင်ပွဲ နှစ်မျိုးလုံးမှာ ချဲလ်ဆီးကသာ လီဗာပူးကို အနိုင်ရခဲ့ပါတယ်။

ဒီရာသီမှာတော့ နှစ်သင်းလုံး ရုန်းကန်နေရတာချင်း တူညီနေကြတဲ့ အနက် လီဗာပူးရဲ့ခံစစ်ပိုင်းက ပိုမိုလုံခြုံမှုရှိတယ်။ တိုက်စစ်ပိုင်းမှာ ချဲလ်ဆီးသာလွန်ပြီး ၈ ဂိုးသာသွင်းယူထားတဲ့ လီဗာပူးတိုက်စစ်က ပရီးမီးယားလိဂ်မှာ အားအနည်းဆုံး စာရင်းဝင်ဖြစ်နေပါတယ်။ လိုအပ်ချက်တွေ အသီးသီးရှိနေတဲ့ နှစ်သင်း၊ ဒီရာသီမှာ အခက်အခဲတွေ ကြုံရတာချင်းတူညီနေတဲ့ အသင်းနှစ်သင်း ထိပ်တိုက်ဆုံမှုမှာ ဘယ်အသင်း အနိုင်ရမယ်ဆိုတာ တပ်အပ်ပြောဖို့ မလွယ်ပါဘူး။ သေချာပေါက်ပြောလို့ရတာကတော့ ဒီပွဲမှာ မော်ရင်ဟိုနဲ့ ကလော့တို့ရဲ့ အိုက်တင်တွေ၊ လှုပ်ရှားမှုတွေက လူတွေကို ဆွဲဆောင်နိုင်မယ်ဆိုတာပါပဲ။ ကစားသမားတွေကို စိတ်ဓာတ်လှုံ့ဆော်ပေးတဲ့နေရာမှာ ထူးချွန်တဲ့ နည်းပြနှစ်ဦးမှာ ဘယ်သူအောင်ပွဲခံနိုင်မလဲ၊ အပြာနဲ့အနီ တိုက်ပွဲမှာ ဘယ်အသင်းအောင်ပွဲခံမလဲ ဆိုတာတော့ ----။

နိုင်ငံတော် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး
ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး
ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး
ဒို့အရေး

# တိုးတက်မှုများရှိလာသော်လည်း စိုးရိမ်စိတ်များကို ဖယ်ရှားပစ်ရန် အရေးကြီးကြောင်း လီဗာပူးနည်းပြဂျာဂင်ကလော့ သတိပေး

## သရေကျခဲ့ခြင်းမှာကမ္ဘာပျက်ခြင်းမဟုတ်ဟု ဂျာဂင်ကလော့ ယူဆထား

မိမိတို့အသင်းမှာ တိုးတက်မှုများရရှိလာနေကြောင်း၊ ကြောက်ရွံ့စိတ်ကိုဖယ်ရှားပစ်နိုင်ရန်သာ အရေးကြီးကြောင်း လီဗာပူးနည်းပြ ဂျာဂင်ကလော့က သုံးသပ်ပြောဆိုသည်။ ဂျာဂင်ကလော့သည် လီဗာပူးနည်းပြသစ်အဖြစ် ခန့်အပ်ခံရပြီးနောက် နိုင်ပွဲရအောင် ဖန်တီးပေးနိုင်ခြင်း မရှိသေးဘဲ ဆောက်သမ်တန်နှင့်အိမ်ကွင်းပွဲစဉ်တွင်လည်း တစ်ဂိုးစီသရေရလဒ်နှင့်သာ ကျေနပ်ခဲ့ရသည်။ လီဗာပူးအသင်းမှာ ဘန်တီကီ၏ခေါင်းတိုက်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲပြီးခါနီးတွင် ချေပဂိုးပေးခဲ့ရသည်။ "ဒီပွဲမှာ အားရစရာအခြေအနေတွေ ရှိခဲ့ပါတယ်။ အသင်းအနေနဲ့အချိန်ယူရဦးမယ်ဆိုတာ အားလုံးနားလည်မှာပါ။ ကျွန်တော်ကတော့ အသင်းတိုးတက်လာတယ်လို့ မြင်ပါ



တယ်။ ပြဿနာက တခြားအသင်းတွေဟာ ကျွန်တော်တို့ကို မစောင့်နိုင်တာပါပဲ။ သူတို့က ကျွန်တော်တို့အသင်းကို အနိုင်ယူချင်ကြတယ်။ ဆောက်သမ်တန်ထက် ကျွန်တော်တို့အသင်းပိုပြီး ကောင်းမွန်ခဲ့တယ်လို့ မြင်ပါတယ်။ အခွင့်အရေးတွေလည်း ပိုပြီးရခဲ့ပါတယ်။ တိုးတက်မှုတွေကို ကျွန်တော်မြင်တယ်။ လာမယ့်ခြေလှမ်းတွေကို ကျွန်တော်မြင်ပါတယ်။ ရလဒ်အတွက်တော့ တကယ်ကိုစိတ်ပျက်ရပါတယ်" ဟု ကလော့ကပြောဆိုသည်။ အသင်းအနေနှင့် စိုးရိမ်စိတ်မများရန်ကိုလည်း ကလော့က သတိပေးခဲ့သည်။ "ဒါကဂိုးတစ်ဂိုးပါ။ ဘောလုံးပွဲတစ်ပွဲသာဖြစ်ပါတယ်။ ဘဝရဲ့နောက်ဆုံးအရာမဟုတ်ပါဘူး။ အသင်းသားတွေအနေနဲ့တည်ငြိမ်မှုရှိဖို့ အရေးကြီးပါတယ်။ သူတို့တွေဘာကြောင့်ဖိအားတွေခံစားနေရတာလဲဆိုတာ ကျွန်တော်နားမလည်ပါဘူး။ ဒါကကမ္ဘာပျက်တာမဟုတ်ဘူးလို့ ယူဆတဲ့ကွင်းထဲက တစ်ယောက်တည်းသောသူ မဟုတ်နိုင်ဘူးလို့ မျှော်လင့်ပါတယ်။ ဘောလုံးဆိုတာ နတ်သမီးပုံပြင်မဟုတ်ပါဘူး။ အချိန်တိုအတွင်းမှာ ဘာမှပြောင်းလဲလို့မရပါဘူး" ဟု ကလော့က ဆိုခဲ့သည်။

## တန်ဖိုးဖြတ်မရသည့်ကစားသမားဟု ဆွာရက်ဇ်ကို အင်းနရစ်ချီးကျူး



တိုက်စစ်မှူးလူးဝစ်ဆွာရက်ဇ်မှာ မိမိတို့အသင်းအတွက် တန်ဖိုးဖြတ်၍မရနိုင်သော ကစားသမားဖြစ်သည်ဟု ဘာစီလိုနာနည်းပြ အင်းနရစ်ကဖွင့်ဟပြောဆိုသည်။ ဆွာရက်ဇ်သည် အီဘာနှင့်ပွဲတွင် ဟတ်ထရစ်ဂိုးသွင်းယူကာ ဘာစီလိုနာအသင်းကို နိုင်ပွဲရစေခဲ့သလို သူ၏လာလီဂါသွင်းဂိုးပေါင်းမှာလည်း ၇ ဂိုးရှိလာခဲ့သည်။ "ကျွန်တော်တို့တွေဟာ ဆွာရက်ဇ်ရဲ့ အရေးပါမှုကို ကောင်းကောင်းနားလည်ပါတယ်။ သူက ကျွန်တော်တို့အတွက် တန်ဖိုးဖြတ်လို့မရနိုင်တဲ့ ကစားသမားတစ်ယောက်ပါ။ သူ့ရဲ့အဆုံးသတ်ဂိုးသွင်းယူမှုတွေက ကျွန်တော်တို့အသင်းအတွက် မရှိမဖြစ်ပါ။ အစားထိုးလို့မရနိုင်တဲ့ ကစားသမားဖြစ်ပါတယ်" ဟု အင်းနရစ်က ချီးကျူးသည်။ ဘာစီလိုနာအသင်းတွင် မက်ဆီဒဏ်ရာရနေချိန်၌ ဆွာရက်ဇ်၏သွင်းဂိုးများက အသင်းအတွက် အရေးပါနေခဲ့သည်။

## အနီကတ်စည်းမျဉ်းကိုအလာဒိုက်စ်ပြောင်းစေလို

ပင်နယ်တီပေးရရန် ပြစ်ဒဏ်ကျူးလွန်ခဲ့သည့် ကစားသမားအား အနီကတ်ပြသသည့် စည်းမျဉ်းအားပြောင်းလဲစေလိုကြောင်း ဆန်းဒါးလန်းနည်းပြဆမ်အလာဒိုက်စ်က တိုက်တွန်းပြောဆိုလိုက်သည်။ နယူးကာဆယ်ကိုအနိုင်ရသည့်ပွဲတွင် ဖလက်ချာကိုတွန်းလှဲခဲ့သည့် နယူးကာဆယ်နောက်ခံလူကိုလိုစီနီ ထုတ်ပယ်ခံခဲ့ရရာ ဆန်းဒါးလန်းအသင်းအဖို့ ပထမဆုံးနိုင်ပွဲရယူရေး၌ အထောက်အကူဖြစ်စေခဲ့သည်။ သို့သော်လည်း ပြစ်ဒဏ်ကျူးလွန်သူကို အနီကတ်ပြထုတ်ပယ်ခြင်းမှာ ဝမ်းနည်းဖွယ်ဖြစ်ကြောင်း၊ ပင်နယ်တီပေးလျှင်လုံလောက်ပြီဖြစ်ကြောင်း အလာဒိုက်စ်က ပြောဆိုခဲ့သည်။

## မိုဗစ်ချ်နှင့်ကာဗာနီတို့ကို ဘလန့်ချီးကျူးမှုပြု

စိန့်အီတီရန်နီအသင်းနှင့်ပွဲတွင် ခြေစွမ်းပြကာဂိုးများသွင်းယူနိုင်ခဲ့ကြသည့် တိုက်စစ်မှူးအီဘရာဟီမိုဗစ်ချ်နှင့်ကာဗာနီတို့ကို ပီအက်စ်ဂျီနည်းပြ လောရင့်ဘလန့်က ချီးကျူးပြောဆိုသည်။ ပီအက်စ်ဂျီအသင်းက ၄-၁ဂိုးဖြင့်အနိုင်ရရှိခဲ့သော အဆိုပါပွဲစဉ်တွင် အီဘရာဟီမိုဗစ်ချ်နှင့်ကာဗာနီတို့ တစ်ဂိုးစီသွင်းယူနိုင်ခဲ့ကြသလို တစ်ကြိမ်စီဖန်တီးပေးနိုင်ခဲ့ကြသည်။ "ကျွန်တော်တို့ရဲ့တိုက်စစ်သမားတွေဟာ ဘယ်လောက်ပြည့်စုံမှုရှိတယ်ဆိုတာကို အားလုံးမြင်ကြမှာပါ။ သူတို့ဟာ တွဲဖက်ပြီးတော့လည်း ကစားလိုစိတ်ရှိကြတယ်။ သူတို့မှာ မတူညီတဲ့ အရည်အသွေးတွေလည်းရှိတယ်" ဟု ဘလန့်က ဆိုခဲ့သည်။

## တင်ရှားဝုဒ်၏နေရာတွင် အစားဝင်လာရန် ရီမီဂါဒီ ထိပ်ဆုံးမှရေပန်းစား

ရာထူးမှထုတ်ပယ်ခံလိုက်ရသော အက်စ်တွန်ဗီလာနည်းပြ တင်ရှားဝုဒ်၏နေရာတွင် အာဆင်နယ်ကွင်းလယ်လူဟောင်း ရီမီဂါဒီအစားဝင်လာရန် ထိပ်ဆုံးမှရေပန်းစားနေကြောင်း သိရှိရသည်။ အက်စ်တွန်ဗီလာအသင်းတာဝန်ရှိသူများသည် ဆွမ်ဆီးကိုရှုံးနိမ့်ခဲ့ပြီးနောက် ၎င်းတို့၏နည်းပြတင်ရှားဝုဒ်ကို ရာထူးမှ ထုတ်ပယ်လိုက်ခြင်းဖြစ်သည်။ တင်ရှားဝုဒ်သည် လွန်ခဲ့သော ၈ လတွင် အက်စ်တွန်ဗီလာအသင်းကိုစတင်တာဝန်ယူကိုင်တွယ်ခဲ့ခြင်းဖြစ်ပြီးယမန်နှစ်တွင် တန်းမဆင်းရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သလို အက်ဖ်အေဖလားဗိုလ်လုပွဲသို့လည်း ပို့ဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ သို့သော်လည်း ယခုရာသီတွင် နိုင်ပွဲရရန် ရုန်းကန်နေခဲ့ရပြီး



၆ ပွဲဆက်အရှုံးနှင့် ရင်ဆိုင်ခဲ့ရပြီးသည့်နောက် ရာထူးမှထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။ အက်စ်တွန်ဗီလာအသင်းကို လူငယ်အသင်းနည်းပြ ကီဗင်မက်ဒေါနယ်က ယာယီနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်နေပြီး ဗီလာနည်းပြသစ်ဖြစ်လာနိုင်သူများထဲတွင် မန်ယူနည်းပြဟောင်းမိုယက်စ်နှင့် လိုင်ယွန်နည်းပြဟောင်း ဂါဒီတို့ ရေပန်းစားနေခဲ့သည်။ ယခုအခါတွင် ဂါဒီက ဗီလာနည်းပြသစ်ဖြစ်လာရန် ရေပန်းအစားဆုံးဖြစ်နေပြီး အသင်းတာဝန်ရှိသူများက ပြင်သစ်သို့သွားရောက်ကာ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်နေသည်ဟု သိရသည်။ ဗီလာအမှုဆောင်ချုပ်တွမ်ဖောက်စ်မှာ ပြင်သစ်နိုင်ငံသို့ ရောက်ရှိနေကြောင်းသိရသည်။

## နောက်ဆုံးရသတင်းတိုများ

- လီဗန်တေးအသင်းသည် ဆိုစီဒက်အသင်းကို အိမ်ကွင်းတွင် ၄ ဂိုးပြတ်အရေးနိမ့်ခဲ့ရပြီးနောက် နည်းပြအယ်ကာရက်ဇ်ကို ရာထူးမှထုတ်ပယ်လိုက်ပြီဖြစ်သည်။
- မန်ယူတိုက်စစ်မှူး ရွန်နီမှာ မန်စီးတီးနှင့်ပွဲတွင်ကန်သွင်းမှုမရှိ၊ အရေးပါသောပေးပို့မှုမရှိ၊ ဖြတ်တင်ဘောမရှိခဲ့ဘဲ ဘောလုံးပေးပို့မှု ၅၅ ရာခိုင်နှုန်းသာ တိကျခဲ့သည်ဟုသိရသည်။
- အာဆင်နယ်ကွင်းလယ်လူ အိုဇေးလ်၏ ဂိုးဖန်တီးပေးမှုမှာပရီးမီးယားလိဂ်သမိုင်းတွင် အမြင့်မားဆုံးစံချိန်ဖြစ်လာကြောင်း မှတ်တမ်းများက ဖော်ပြသည်။

စာတည်းမှူးချုပ် - ကျော်ကျော်လင်းအောင်
တာဝန်ခံစာတည်း - ကျော်ဇင်ထွန်း
စာတည်းအဖွဲ့ - စစ်မင်း(တောင်တွင်း)
ရဲမာန်ခ၊ ကျော်နိုင်စိုး
စာပြင် - ဖြိုးကြီး
မျက်နှာဖုံးဒီဇိုင်း - မိုးဇက်
အတွင်းဒီဇိုင်း - တေဇာကျော်
ညီညီလွင်
ထုတ်ဝေသူ - ဦးကျော်ကျော်ဦး
(၀၀၈၁၂)
ပုံနှိပ် - မြဝတီစာပေတိုက်
(၀၀၆၅၆)
ဂျာနယ်ရုံးခန်း - အမှတ်(၁၅)၊ တပ်မြေ
မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်
ဘောက်ထော်၊ ရန်ကင်းမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း - ၀၉ ၂၅၄၀၇၂၉၉၇(စာတည်း)
၀၉ ၃၂၄၉၀၇၂၄(ဖြန့်ချိရေး)

## ပေးစာကဏ္ဍ

**အယ်ဒီတာခင်ဗျား-**

**ပညာရပ်နယ်ပယ်တွေမှာ ထူးချွန်အောင်မြင်ခဲ့ကြတဲ့ ဘောလုံးလောကသားတွေအကြောင်း သိလိုပါတယ်။ အကျဉ်းလောက်ပဲဖြစ်ဖြစ် ဗဟုသုတအနေနဲ့ ဖော်ပြပေးပါလို့ တောင်းဆိုလိုက်ပါတယ်ခင်ဗျား။**

**ဇော်ထက်(လှိုင်သာယာ)**

**➢ ဘွဲ့ရပညာတတ်ဘောလုံးသမားတွေ များစွာရှိတဲ့အနက် ဘရာဇီးကစားသမားဟောင်း ဆိုကရေးတီးစ်က ဒဿနိကဗေဒနဲ့ ဆေးပညာဒေါက်တာဘွဲ့ရတစ်ဦးဖြစ်ပါတယ်။ လမ်းပတ်၊ ဘယ်ရီဟော်နီ၊ စတိဗ်ကော့ပဲလ်၊ လီဆောက်၊ ဗန်ဒါဆားစသည်ဖြင့် ဘွဲ့ဒီဂရီရ ကစားသမားဟောင်းတွေရှိခဲ့ပြီး လက်ရှိဝက်စ်ဟမ်းနည်းပြ ဘီလစ်က ဥပဒေဘာသာရပ်မှာ မဟာဘွဲ့ ရရှိထားပါတယ်။**

(Sports View ဂျာနယ်သို့ အကြံပေးချက်များ၊ သိရှိမေးမြန်းလိုသည်များရှိပါက sportsviewjournal@gmail.com သို့ Email မှတစ်ဆင့်လည်းပေးပို့နိုင်ပါသည်)

## ဟတ်ထရစ်ဂိုးသွင်းနိုင်၊ မသွင်းနိုင်ကို မိသားစုနှင့် အော်ဘာမီယန် အလောင်းအစားပြုခဲ့



အော့စ်ဘတ်နှင့် ဘွန်ဒက်စ်လီဂါပွဲတွင် ဟတ်ထရစ်ဂိုးသွင်းနိုင်၊ မသွင်းနိုင်ကို မိမိ၏မိသားစုနှင့် လောင်းကစားမှုပြုခဲ့သည်ဟု ဒေါ့မွန်တိုက်စစ်မှူး အော်ဘာမီယန်က ထုတ်ဖော်ပြောဆိုသည်။ ကွန်ဂိုတိုက်စစ်မှူး အော်ဘာမီယန်သည် ကာဘာလာကိုအနိုင်ရခဲ့သည့် ယူရိုပါလိဂ်တွင် ဒေါ့မွန်အတွက် ဟတ်ထရစ်ဂိုးသွင်းယူခဲ့သူဖြစ်ပြီး အော့စ်ဘတ်နှင့်ပွဲတွင်လည်း နောက်ထပ်ဟတ်ထရစ်ဂိုး ရယူနိုင်ခဲ့သူဖြစ်သည်။ " ဒီပွဲမှာ ဟတ်ထရစ်ဂိုးသွင်းနိုင်ဖို့အတွက် ကျွန်တော့်ရဲ့ မိသားစုနဲ့အလောင်းအစားပြုလုပ်ခဲ့ပါတယ်။ ဒီလောင်းကစားမှုက အလုပ်ဖြစ်ခဲ့တာတော့ တကယ်ကောင်းပါတယ်။ အခုအချိန်မှာ လီဝမ်ဒေါ့စကီးက အကောင်းဆုံးတိုက်စစ်မှူးတွေထဲမှာပါဝင်တယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော်ကတော့ သူနဲ့မယှဉ်ချင်ပါဘူး" ဟု ၁၃ ဂိုးသွင်းယူထားသော အော်ဘာမီယန်ကပြောဆိုသည်။

## ဟာရဲရားကြောင့်ပင်နယ်တီရသင့်သည်ဟုမန်ယူနည်းပြဗန်ဂါးလ် ဝေဖန်

## ခေတ်မီနည်းစနစ်များနှင့်ပစ္စည်းကိရိယာများ လိုအပ်နေကြောင်းသုံးသပ်

## ဒါဘီပွဲတွင် အဆိုးရွားဆုံးမှတ်တမ်းများအား ရွန်နီ ပိုင်ဆိုင်ခဲ့ရ



မန်စီးတီးနှင့်ယှဉ်ပြိုင်ကစားခဲ့သော မန်ချက်စတာဒါဘီပွဲတွင် ဟာရဲရားကြောင့် မိမိတို့အသင်း ပင်နယ်တီရသင့်သည်ဟု မန်ယူနည်းပြလူးဝစ်ဗန်ဂါးလ်က ခိုင်မာစွာပြောဆိုလိုက်သည်။ ဂိုးမရှိသရေနှင့်အဆုံးသတ်သွားသော အဆိုပါပွဲစဉ်တွင် စတာလင်းကြောင့် ဟာရဲရားလဲကျခဲ့ရသော်လည်းဒိုင်က ပင်နယ်တီပေးရန် ငြင်းဆန်ခဲ့သည်။ "ဟာရဲရားအပေါ် ကျူးလွန်တဲ့ပြစ်ဒဏ်ကို ဗီဒီယိုကနေ ကျွန်တော်ပြန်ကြည့်ပြီးပါပြီ။ ဒါဟာပင်နယ်တီပါပဲ။ ဒါကြောင့် ဒိုင်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ကံမကောင်းဘူးလို့ ပြောရမယ်။ ဟာရဲရားကဘောလုံးထိန်းထားချိန်မှာ စတာလင်းက သူ့ရဲ့ခြေချင်းဝတ်ကိုထိခိုက်ခဲ့တာခင်ဗျားတို့ တွေ့ကြမှာပါ။ ဒီဖြစ်ရပ်ကို ကျွန်တော်မြင်ပါတယ်။ ဒါပေမဲ့ဒိုင်လူကြီးကတော့ တစ်စက္ကန့်အတွင်းဆုံးဖြတ်ချက်ချရတာဆိုတော့ မလွယ်ပါဘူး။ ကျွန်တော်တို့ဟာ ဆုံးဖြတ်ချက်တွေ မှန်ကန်အောင်ချမှတ်နိုင်ဖို့အတွက် ခေတ်မီတဲ့ နည်းစနစ်တွေ၊ ပစ္စည်းကိရိယာတွေလိုအပ်ပါတယ်။ နည်းပညာသုံးစွဲဖို့တောင်းဆိုနေတာလည်း ကျွန်တော်တစ်ယောက်တည်းမဟုတ်ပါဘူး။ ဒီပွဲကခက်ခဲတဲ့ပွဲပါ။ ကျွန်တော်တို့အသင်းကံမကောင်းခဲ့ပေမယ့် သူတို့အသင်းကတော့ ကံကောင်းခဲ့တယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒီပွဲနဲ့ပတ်သက်ပြီးဒီအတိုင်းပဲ ကျွန်တော်ပြောနိုင်မှာပါ။ နည်းပြတစ်ယောက်အနေနဲ့ ကျွန်တော်မကျေနပ်စရာမရှိပါဘူး။ ဒီပွဲမှာအနိုင်ရချင်ပေမယ့် အနိုင်မရခဲ့တာတော့ရှိပါတယ်" ဟုဗန်ဂါးလ်က ပြောဆိုသည်။ အဆိုပါပွဲတွင် တိုက်စစ်မှူးရွန်နီမှာ ပေးပို့မှုမတိကျဆုံး၊ ဘောလုံးလက်ခံရမှုအနည်းဆုံး၊ ဘောလုံးဆုံးရှုံးမှုအများဆုံး မန်ယူအသင်းသားဖြစ်ခဲ့သည်ဟု မှတ်တမ်းများအရ သိရသည်။

## ခံစစ်ပုံစံမှာမိမိတို့ပုံစံမဟုတ်ဟု ပယ်လီဂရီနီဖွင့်ဟပြောကြား

မန်ယူနှင့်ပွဲတွင် ခံစစ်ဦးစားပေးကစားခဲ့ရသော်လည်း အဆိုပါကစားကွက်မှာ မိမိတို့အသင်း၏ပုံစံမဟုတ်ကြောင်း မန်စီးတီးနည်းပြ ပယ်လီဂရီနီက ဖွင့်ဟသည်။ မန်စီးတီးတွင် အားထားရသူအချို့ဒဏ်ရာရနေရာ မန်ယူကပိုမိုဖိအားပေးနိုင်ခဲ့သော်လည်း ပွဲအပြီးတွင် သရေကျခဲ့သည်။ " မန်ယူကွင်းမှာ သရေကစားနိုင်ခဲ့တဲ့အတွက် ကျွန်တော်ကျေနပ်တယ်။ ဒီပွဲကဗျူဟာဂိမ်းပွဲပါ။ ကိုယ့်ရဲ့ဧရိယာထဲမှာ ခံစစ်ပိတ်ကစားရတာက လွယ်ပါတယ်။ ဒါပေမဲ့အဲဒီပုံစံက ကျွန်တော်တို့ရဲ့ပုံစံမဟုတ်ပါဘူး။ ထိပ်ဆုံးရောက်နေတာကိုကျေနပ်ပါတယ်" ဟုပယ်လီဂရီနီကဆိုသည်။



## အောင်မြင်မှုရရန် ငွေကြေးသုံးစွဲရမည်ဟု မန်စီးတီးနောက်ခံလူဇာဘလက်တာသုံးသပ်

## ဒီဘရိုင်နီနှင့် မာရှယ်တို့ခြေစွမ်းပြဂိုးများသွင်းယူနေခြင်းကို ဥပမာပေးပြောဆို

ခေတ်သစ်ဘောလုံးလောကတွင် အောင်မြင်မှုရရှိစေရေးအတွက် ငွေသုံးစွဲရန်မဖြစ်မနေလိုအပ်ကြောင်း၊ ငွေကြေးသုံးစွဲမှသာ အောင်မြင်မည်ဖြစ်ကြောင်းကို မာရှယ်နှင့်ဒီဘရိုင်နီတို့က သက်သေပြသခဲ့ကြောင်း မန်စီးတီးနောက်ခံလူ ဇာဘလက်တာက သုံးသပ်ပြောဆိုသည်။ မြင့်မားသောပြောင်းရွှေ့ကြေးများဖြင့်မန်ယူ၊ မန်စီးတီးတို့ထံသို့ ရောက်ရှိလာခဲ့သည့် မာရှယ်နှင့်ဒီဘရိုင်နီတို့မှာ ခြေစွမ်းပြကာဂိုးများသွင်းယူထားနိုင်ခဲ့ကြသည်။ မန်ယူနှင့်မန်စီးတီးအသင်းတို့မှာလည်း ယခုရာသီပရီးမီးယားလိဂ်တွင် ငွေကြေးသုံးစွဲမှုအများဆုံး အသင်းများဖြစ်ခဲ့ကြသည်။ " ဒီခေတ်ဘောလုံးလောကမှာ ဒီအတိုင်းဖြစ်နေတာပါ။ ထိပ်တန်းကစားသမားတွေကို ခေါ်ယူချင်ရင်တော့ ရှုံးသွပ်လောက်စရာငွေကြေးပမာဏကို သုံးစွဲဖို့လိုပါတယ်။ ဒီနေ့ခေတ်မှာ ရုပ်သံစာချုပ်တွေချုပ်ဆိုနိုင်တာက စပိန်ကအသင်းနှစ်သင်း၊ အင်္ဂလန်ကအသင်းအနည်းငယ်နဲ့ ဂျာမနီမှာဘိုင်ယန်တို့လောက်ပဲရှိတာ ကျွန်တော်နားလည်ပါတယ်။ မန်စီးတီးအနေနဲ့အောင်မြင်မှုရဖို့ငွေသုံးရမှာပါ။ ဒီဘရိုင်နီဆိုရင် ဂိုးတွေသွင်းယူနေသလို မာရှယ်ကလည်း မန်ယူအတွက် အကောင်းဆုံးကစားပေးနေတယ်"ဟု ဇာဘလက်တာကသုံးသပ်ခဲ့သည်။



## SHORT NEWS

- ဘိုင်ယန်မြူးနစ်အသင်းမှာ ဘွန်ဒက်စ်လီဂါတွင် ပြိုင်ဘက်ကင်းအသင်းတစ်သင်းဖြစ်နေသောကြောင့် ၎င်းတို့ကိုစောင့်ကြည့်ရသည်မှာ စိတ်လှုပ်ရှားဖွယ်မရှိတော့ကြောင်း ရီးရဲလ်နည်းပြဟောင်း အန်ဆလော့တီက သုံးသပ်သည်။
- ဘုန်းမောက်နှင့်ပွဲတွင် ဟတ်ထရစ်ဂိုးသွင်းယူနိုင်ခဲ့သော တိုက်စစ်မှူး ဟယ်ရီကိန်းမှာ ပိုကောင်းသည့် ကစားသမားတစ်ဦးဖြစ်လာခဲ့သည်ဟု စပါးနည်းပြ ပိုချက်တီနိုက ချီးကျူးသည်။
- မိမိနှင့်မန်စီးတီးနည်းပြ ပယ်လီဂရီနီအကြားတွင် မည်သည့်ပြဿနာမျှ မရှိကြောင်းမန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီကရှင်းလင်းခဲ့သည်။ ကွန်ပနီသည် ပယ်လီဂရီနီ၏ဆန္ဒကိုဆန့်ကျင်ကာဘယ်ဂျီယံအတွက် ကစားပေးခဲ့သဖြင့် ပယ်လီဂရီနီ၏ဒေါသနှင့်ရင်ဆိုင်ခဲ့ရဖူးသည်။

## ၇ ပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့သည့်မှတ်တမ်းဗာဒီရရှိ

ခရစ္စတယ်ပဲလေ့စ်နှင့်ပွဲတွင် လက်စတာအတွက်တစ်လုံးတည်းသောအနိုင်ဂိုးသွင်းယူပေးခဲ့သည့် တိုက်စစ်မှူးဗာဒီသည် ပရီးမီးယားလိဂ်တွင် ၇ ပွဲဆက်ဂိုးသွင်းယူနိုင်သော ၅ ဦးမြောက်အင်္ဂလိပ်ကစားသမားဖြစ်လာခဲ့သည်ဟု သိရသည်။ ဗာဒီသည်အလန်ရှီးယား၊ အီယန်ရိုက်၊ မာ့ခ်စတိန်း၊ စတာရစ်ချ်တို့ပြီးနောက် ပရီးမီးယားလိဂ် ၇ ပွဲဆက်ဂိုးသွင်းနိုင်သော အင်္ဂလိပ်ကစားသမားဖြစ်လာခဲ့သည်။ သူသည် ယခုရာသီတွင်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၁၀ ဂိုးသွင်းယူကာ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည်။

## အံ့မခန်းဂိုးသမားဟုနာဗတ်စ်ကိုဂျက်စီချီးကျူး

မိမိတို့အသင်းမှ ဂိုးသမားကေလာနာဗတ်စ်မှာ အံ့မခန်းထူးချွန်သည့်ဂိုးသမားတစ်ဦးဖြစ်ကြောင်း ရီးရဲလ်တိုက်စစ်မှူးဂျက်စီရိုဒရီဂွက်ဇ်က သုံးသပ်ပြောဆိုသည်။ နာဗတ်စ်သည် ယခုရာသီတွင်ရီးရဲလ်အတွက် အထူးလက်စွမ်းပြနေပြီး ရီးရဲလ်အသင်းလာလီဂါ၌ ဂိုးအနည်းဆုံးပေးထားရရန် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။ “ သူကတကယ်ကိုအံ့ဩဖို့ကောင်းတဲ့ဂိုးသမားပါ။ အံ့မခန်းထူးချွန်သူလည်းဖြစ်ပါတယ်။ သူ့အတွက်ကျွန်တော်ပျော်ပါတယ်။ သူကကြီးကျယ်တဲ့ပရော်ဖက်ရှင်နယ်တစ်ယောက်ပါ” ဟုရိုဒရီဂွက်ဇ်ကဆိုသည်။

## လူသစ်ဝယ်ယူရန်မလိုအပ်ဟု ဝီလ်ရှီးယားပြောဆို

အာဆင်နယ်အသင်းအနေဖြင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် လူသစ်ဝယ်ယူရန်မလိုအပ်ဟု ကွင်းလယ်လူဝီလ်ရှီးယားကဖွင့်ဟပြောဆိုသည်။ အာဆင်နယ်အသင်းမှာ နွေရာသီဈေးကွက်တွင် ပီတာချက်မှလွဲ၍ လူသစ်မဝယ်ယူခဲ့သဖြင့် ဝေဖန်မှုများခံခဲ့ရသည်။ “ ကျွန်တော်တို့အသင်းမှာ လူသစ်မလိုဘူးလို့ထင်ပါတယ်။ ကျွန်တော်တို့အသင်းရဲ့ ခံစစ်ကကောင်းမွန်နေတယ်။ မကြာခင်ဆိုရင် ဒဏ်ရာရနေတဲ့ ကစားသမားတချို့လည်း ပြန်လာတော့မှာပါ” ဟုဝီလ်ရှီးယားက ပြောဆိုသည်။

## ရော်နယ်ဒို၏ဂိုးများကို မြင်ရဦးမည်ဟုရွန်နီဆို

ရီးရဲလ်တိုက်စစ်မှူးရော်နယ်ဒိုထံမှ နောက်ထပ်သွင်းဂိုးများစွာကိုမိမိတို့ တွေ့မြင်ရဦးမည်ဖြစ်ကြောင်း မန်ယူတိုက်စစ်မှူးရွန်နီက ချီးကျူးပြောဆိုခဲ့သည်။ ရော်နယ်ဒိုသည်မကြာသေးမီတွင် ရီးရဲလ်အတွက်ပြိုင်ပွဲစုံဂိုးအများဆုံးသွင်းသူအဖြစ် စံချိန်ချိုးနိုင်ခဲ့ပြီးနောက် ဆယ်တာဗီဂိုနှင့်ပွဲတွင်လည်း တစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သည်။ “ ဒါကရော်နယ်ဒိုအတွက်ကြီးမားတဲ့အောင်မြင်မှုတစ်ခုလို့ ကျွန်တော်ထင်ပါတယ်။ သူ့အတွက်ဂုဏ်ယူတဲ့အကြောင်းတွေကိုတောင် ဆိုရှယ်မီဒီယာမှာ ကျွန်တော်ရေးခဲ့ပါသေးတယ်။ သူကပွဲအများကြီးကစားခဲ့သလို ဂိုးတွေလည်း အများကြီးသွင်းယူနိုင်ခဲ့တယ်။ သူ့အနေနဲ့ဂိုးတွေနောက်ထပ်သွင်းယူနိုင်မှာသေချာပါတယ်” ဟု ရွန်နီက ဆိုခဲ့သည်။



# ပြီးပြည့်စုံသည့် သီတင်းပတ်ဟု အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးဖွင့်ဟ

## ဘောလုံးအားကစားကိုချစ်မြတ်နိုးပါက ကွင်းလယ်လူအိုဇေးလ်၏ ကစားပုံကိုလည်းကြိုက်နှစ်သက်ရမည်ဟု အာစင်ဝင်းဂါး ချီးကျူးပြောကြား




ဘောလုံးအားကစားကို ချစ်မြတ်နိုးသူဖြစ်ပါက အိုဇေးလ်ကစားပုံကိုလည်း ကြိုက်နှစ်သက်ရမည်ဖြစ်ကြောင်း အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးကချီးကျူးပြောဆိုသည်။ အိုဇေးလ်သည် ယခုဘောလုံးရာသီတွင် ဂိုးဖန်တီးမှုအများဆုံး ပြုလုပ်ပေးထားသူဖြစ်ပြီး အဲဗာတန်နှင့်ကစားခဲ့သောပွဲစဉ်တွင်လည်း ဂီရောက်၏သွင်းဂိုးကို ဖန်တီးပေးနိုင်ခဲ့သလို ကောင်းစွာခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။ “ မီဆပ်အိုဇေးလ်က ထိပ်တန်းအဆင့်ကစားသမားတစ်ယောက်ဆိုတာ သံသယဝင်စရာမရှိပါဘူး။ သူ့အကြောင်း ပြောနေတာထက် သူကစားတာကိုပဲ ကျွန်တော်စောင့်ကြည့်ချင်ပါတယ်။ ခင်ဗျားအနေနဲ့ ဘောလုံးအားကစားကို ချစ်မြတ်နိုးရင် အိုဇေးလ်ကစားတာကိုလည်း ကြိုက်နှစ်သက်ပါလိမ့်မယ်။ သူရဲ့ဘောလုံးထိချက်တိုင်းမှာ အရည်အသွေး၊ စိတ်ကူးဉာဏ်ထက်သန်မှုနဲ့ အသင်းလိုက်ကစားချင်တဲ့စိတ်သဘောထားကို တွေ့မြင်ရပါလိမ့်မယ်။ သူကတကယ်ကို အသင်းလိုက်ကစားတတ်တဲ့သူတစ်ယောက်ပါ။ ဒါကိုအရင်ကတည်းက ကျွန်တော်ပြောခဲ့တာပါ။ အိုဇေးလ်က သူ့ရဲ့ပါရမီကို အသင်းအတွက် အသုံးချတယ်။ သူတတ်နိုင်သမျှနဲ့အသင်းအပေါ် ကူညီချင်တယ်။ ဒါကပဲ သူ့ကိုထိရောက်တဲ့ ကစားသမားတစ်ယောက်ဖြစ်စေခဲ့ပါတယ်” ဟုဝင်းဂါးက အိုဇေးလ်အပေါ် ချီးမွမ်းခန်းဖွင့်ခဲ့သည်။ အာဆင်နယ်အသင်းသည်အဲဗာတန်ကို အနိုင်ရခဲ့ပြီးနောက် ပြိုင်ပွဲစုံနောက်ဆုံး ၆ ပွဲတွင် ၅ ပွဲအနိုင်ရထားခဲ့သည်။ သီတင်းပတ်တစ်ခုအတွင်း၌ ဝက်ဖို့ဒ်၊ ဘိုင်ယန်မြူးနစ်၊ အဲဗာတန်တို့ကို ဆက်တိုက်အနိုင်ရရန် မလွယ်ဟု အာစင်ဝင်းဂါးက ဖွင့်ဟပြောဆိုသည်။ “ ကျွန်တော်တို့ကဝက်ဖို့ဒ်ကို ၃-၀ဂိုး၊ ဘိုင်ယန်မြူးနစ်ကို ၂-၀ ဂိုးနဲ့အနိုင်ရခဲ့သလိုအဲဗာတန်ကိုလည်းအနိုင်ရခဲ့တယ်။ ဒီလိုအနိုင်ရဖို့မလွယ်ပါဘူး။ ကျွန်တော်တို့အတွက် အံ့ဩစရာသီတင်းပတ်တစ်ခုပါပဲ။ ကျွန်တော်တို့အသင်း ဒီလိုဆက်သွားနိုင်ဖို့လိုပါတယ်။ ရာသီအစ အဖွင့်ပွဲမှာ ရှုံးနိမ့်ပြီးတဲ့နောက် ကျွန်တော်တို့ ဒီလိုဖြစ်လာမယ်လို့ ဘယ်သူမှထင်မှာမဟုတ်ပါဘူး”ဟု ဝင်းဂါးကဆိုသည်။

# မော်ရင်ဟိုအတွက် ဝမ်းနည်းမိကြောင်း ဝက်စ်ဟမ်းနည်းပြ ဘီလစ် စာနာစကားပြောဆို

## ဝက်စ်ဟမ်းနှင့်ပွဲအပြီးတွင်မီဒီယာများနှင့် မော်ရင်ဟိုတွေ့ဆုံစကားပြောခြင်းမရှိ



မိမိတို့အသင်းနှင့်ပွဲစဉ်တွင် ထုတ်ပယ်ခံခဲ့ရသလို ပြင်းထန်သည့်ဖိအားများနှင့်ရင်ဆိုင်နေရသော ချဲလ်ဆီးနည်းပြမော်ရင်ဟိုအတွက် ကရုဏာသက်မိကြောင်း ဝက်စ်ဟမ်းနည်းပြဘီလစ်က စာနာစကားပြောဆိုသည်။ ချဲလ်ဆီးအသင်းသည် ဝက်စ်ဟမ်းကိုအရေးနိမ့်ပြီးနောက် တန်းဆင်းဇုန်နှင့်နီးကပ်သွားသလို အဆိုပါပွဲတွင် မော်ရင်ဟိုနှင့်မာတစ်တို့ အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။ “ ဒီပွဲအပြီးမှာ မော်ရင်ဟိုကို ကျွန်တော်မမြင်မိပါဘူး။ ဒုတိယပိုင်းမှာလည်း နည်းပြခုံတန်းမှာ မတွေ့ခဲ့ရဘူး။ ဒီလိုအချိန်ကာလမှာ သူ့အတွက် ကျွန်တော်ဝမ်းနည်းမိပါတယ်။ မော်ရင်ဟိုက ဒီလိုအဖြစ်တွေနဲ့မထိုက်တန်ပါဘူး။ အားလုံးက သူ့ကိုဆန့်ကျင်နေကြတယ်။ ကျွန်တော်လည်း ဒီလိုကြုံရရင် စိတ်ပျက်မိမှာပါ”ဟု ဘီလစ်ကပြောဆိုသည်။ မော်ရင်ဟိုသည် ဝက်စ်ဟမ်းနှင့်ပွဲစဉ်အပြီးတွင် မီဒီယာများနှင့်တွေ့ဆုံစကားပြောရန်ငြင်းဆန်ခဲ့ကြောင်းလည်း သိရသည်။ မီဒီယာများအနေဖြင့် ၎င်းထံမှ သတင်းခေါင်းကြီးများမျှော်လင့်မနေနှင့်တော့ဟု မော်ရင်ဟိုက ဝက်စ်ဟမ်းနှင့်ပွဲမတိုင်မီတွင်ပြောကြားထားသည်။ ဘောလုံးပြင်ပဘဝကိုဝေဖန်ခြင်းအတွက် မီဒီယာများကို မော်ရင်ဟိုဒေါသထွက်ခဲ့ခြင်းဖြစ်သည်။

## SHORT NEWS

- ဒဏ်ရာကြောင့် ဆက်ဆူအိုလိုနှင့်ပွဲစဉ်ကို လွဲချော်ခဲ့ရသည့် တိုက်စစ်မှူးဘာလိုတယ်လီ၏အခြေအနေမှာ မျှော်လင့်ထားသည်ထက် ပိုမိုဆိုးရွားနေခဲ့ကြောင်း အေစီမီလန်နည်းပြ မီဟိုင်းလိုဗစ်က ထုတ်ဖော်ပြောဆိုသည်။
- အယ်ကလပ်စီကိုဒါဘီပွဲတွင် ရီးရဲလ်ကိုမျက်နှာသာပေးရန် ဒိုင်လူကြီးတစ်ဦး ချဉ်းကပ်တောင်းဆိုခံခဲ့ရသည်ဆိုသော သတင်းများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် ဘာစီလိုနာနည်းပြ လူးဝစ်အင်းနရစ်က တိုက်တွန်းသည်။
- မတ်လတွင် မိမိတို့အသင်းအနေဖြင့် စီးရီးအေအမှတ်ပေးဇယား၏ ထိပ်ပိုင်းနေရာသို့ ရောက်ရှိနေရမည်ဖြစ်သည်ဟု ဂျူဗင်တပ်နည်းပြ အယ်လီဂရီက အသင်းသားများအား သတိပေး ပြောကြားလိုက်သည်။

## စိုးရိမ်မှုမရှိဟုနော့ဝစ်ချ်နည်းပြအဲလက်စ်နေးလ်ဖွင့်ဟ

ဝက်စ်ဘရွန်းကို အိမ်ကွင်းတွင်အရေးနိမ့်ကာရလဒ်ဆိုးများနှင့် ဆက်တိုက်ရင်ဆိုင်နေရသော်လည်း စိုးရိမ်ပူပန်မှုမရှိကြောင်းနော့ဝစ်ချ်နည်းပြအဲလက်စ်နေးလ်က ပြောဆိုသည်။ “ ဒီအချိန်ကစိုးရိမ်စရာအချိန်လို့ ကျွန်တော်ပြောမှာ မဟုတ်ပါဘူး။ ကောင်းမွန်တဲ့အချိန်လို့သာ ကျွန်တော်ပြောမှာပါ။ ကျွန်တော်တို့အသင်း ၃ ပွဲဆက်ရှုံးခဲ့တာမှန်ပါတယ်။ ကျွန်တော်ကတော့ လမ်းကြောင်းမှန်ပေါ်ပြန်ရောက်အောင် ကြိုးစားဖို့ပဲ ရည်ရွယ်ထားပါတယ်” ဟုအဲလက်စ်နေးလ်က ပြောဆိုခဲ့သည်။

## ရီးရဲလ်နှင့်ပွဲမှဒိုင်၏ဆုံးဖြတ်ချက်ကိုနိုလီတိုဝေဖန်

ရီးရဲလ်ကိုရှုံးနိမ့်ခဲ့ရသောပွဲတွင် မိမိတို့အသင်းမှကစားသမား ဂူစတာဗိုကာဘရယ်မှာ အငြင်းပွားဖွယ်ရာဆုံးဖြတ်ချက်ဖြင့် ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်ဟု ဆယ်တာဗီဂိုတိုက်စစ်မှူးနိုလီတိုကဝေဖန်ပြောဆိုသည်။ အဆိုပါပွဲစဉ် ၅၆ မိနစ်တွင် ကာဘရယ် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသလို ပွဲအပြီးတွင်လည်း ဆယ်တာဗီဂိုအသင်း ၃-၁ဂိုးဖြင့်ရှုံးနိမ့်ခဲ့ရသည်။ ကာဘရယ်မှာ အငြင်းပွားဖွယ်ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်ကြောင်း၊ စိတ်ပျက်ဖွယ်ဖြစ်သော်လည်း ရှေ့ဆက်ရန်အရေးကြီးကြောင်း နိုလီတိုကဆိုခဲ့သည်။

## အလန်ရှီးယားကို မီထရိုဗစ် အားကျအတုယူ

အသင်းမှဂန္ထဝင်တိုက်စစ်မှူးအလန်ရှီးယားနည်းတူ စွမ်းဆောင်ပြလိုသည်ဟု နယူးကာဆယ်တိုက်စစ်မှူးမီထရိုဗစ်က ပြောဆိုသည်။ နယူးကာဆယ်တွင် ကျောနံပါတ် ၉ အင်္ကျီကိုဝတ်ဆင်ကစားခွင့်ရရှိထားသော မီထရိုဗစ်က ယခင်ကျောနံပါတ် ၉ ပိုင်ရှင်အလန်ရှီးယားကို အားကျအတုယူနေခြင်းဖြစ်သည်။ “ နယူးကာဆယ်အသင်းရဲ့ ကျောနံပါတ် ၉ တိုက်စစ်မှူးဖြစ်ရတာ ဂုဏ်ယူစရာပါပဲ။ ဒီအသင်းကဂန္ထဝင်တွေထဲမှာ အလန်ရှီးယားကနံပါတ်တစ်ပါ။ သူ့ကိုကျွန်တော်အားကျပါတယ်” ဟုမီထရိုဗစ်ကဆိုခဲ့သည်။

# အသင်းသမိုင်းတွင် ပွဲ ၁၀၀၀ မြောက်နိုင်ပွဲကို ဘိုင်ယန်မြူးနစ်ပိုင်ဆိုင်ခဲ့

## ပြန်ကစားနိုင်သောပွဲတွင် ဂိုးသွင်းယူနိုင်ခြင်းမှာ ဆုလာဘ်တစ်ခု ဖြစ်သည်ဟု ဘိုင်ယန်တောင်ပံကစားသမား ရော်ဘင်ပြောကြား



ဒဏ်ရာကြောင့် ကာလရှည်အနားယူနေခဲ့ရာမှ ပြန်ကစားနိုင်သောပွဲတွင် ဂိုးသွင်းယူနိုင်ခြင်းမှာ ဆုလာဘ်တစ်ခု ဖြစ်သည်ဟု ဘိုင်ယန်မြူးနစ်တောင်ပံကစားသမား ရော်ဘင်က ဖွင့်ဟပြောဆိုသည်။ အသက် ၃၁ နှစ်ရှိပြီဖြစ်သော ဝါရင့်တောင်ပံကစားသမားရော်ဘင်သည် ပေါင်ခြံဒဏ်ရာကြောင့် ၂ လခန့် အနားယူခဲ့ရသူဖြစ်သည်။ သူသည် ကိုလုံးနှင့်ပွဲတွင် နည်းပြဂွါဒီယိုလာ၏ ပွဲထွက်စာရင်း၌ ပြန်လည်ပါဝင်ခွင့်ရခဲ့သလို ဘိုင်ယန်အတွက် ဦးဆောင်ဂိုးကိုလည်း သွေးအေးစွာ သွင်းယူနိုင်ခဲ့သည်။ နယ်သာလန်အသင်းအတွက် ကစားပေးစဉ် ရခဲ့သောဒဏ်ရာကြောင့် ရော်ဘင်မှာ ၇ ပတ်ခန့်အနားယူခဲ့ရပြီး ကိုလုံးနှင့်ပွဲတွင် ၎င်းအတွက် ၇၅ ဂိုးမြောက် ဘွန်ဒက်စ်လီဂါဂိုး သွင်းယူနိုင်ခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းမှာလည်း ဘွန်ဒက်စ်လီဂါတွင် ၁၀ ပွဲဆက် အနိုင်ရသည့် စံချိန်သစ်အဖြစ် ထပ်မံမြှင့်တင်နိုင်ခဲ့သည်။ “ ခင်ဗျားတို့အနေနဲ့ အမြဲတမ်းအချိန်ယူစောင့်ကြည့်ရမှာပါ။ ကွင်းထဲကို တစ်ကျော့ပြန်ခြေချနိုင်ခဲ့တဲ့အတွက် ကျွန်တော်အရမ်းပျော်ပါတယ်။ ပြန်ကစားရတဲ့ပွဲမှာ အံ့အားသင့်ရလောက်အောင် တာထွက်လှခဲ့တယ်လို့ထင်ပါတယ်။ ကျွန်တော်ကကြိုးစားပြီး အကောင်းဆုံးဖြစ်အောင် လေ့ကျင့်ခဲ့တာပါ။ ဂိုးပြန်လည်သွင်းယူနိုင်တာက ကျွန်တော်ပြင်းပြင်းထန်ထန်ကြိုးစားခဲ့တာတွေအတွက် ပြန်ရတဲ့ဆုလာဘ်တစ်ခုပါပဲ။ အသင်းကလည်း ၄-၀ဂိုးနဲ့အနိုင်ရတယ်ဆိုတော့ ပိုတောင်ကောင်းမွန်ခဲ့ပါတယ်။ အရန်ခုံကနေပဲ တခြားသူတွေ ဘောလုံးကစားရတာကို စောင့်ကြည့်ရတာက ဘယ်ဘောလုံးသမားအတွက်မဆို ခံရခက်ပါလိမ့်မယ်။ အခုတော့ ကျွန်တော်ပြန်လာနိုင်ခဲ့ပါပြီ” ဟုရော်ဘင်က ဖွင့်ဟသည်။ ကိုလုံးကိုအနိုင်ရခဲ့ခြင်းမှာ ဘိုင်ယန်အသင်းသမိုင်းတွင် ၁၀၀၀ မြောက်နိုင်ပွဲဖြစ်ခဲ့ပြီး သမိုင်းဝင်အောင်ပွဲရရှိခဲ့သည့်အတွက် ဂုဏ်ယူမိကြောင်း ဘိုင်ယန်နည်းပြဂွါဒီယိုလာက ပြောဆိုသည်။ နည်းပြအဖွဲ့၊ ကစားသမားများနှင့် ပရိသတ်များ၊ အသင်းမှဝန်ထမ်းများကို ဂုဏ်ပြုလိုသည်ဟု ဂွါဒီယိုလာက ဆိုခဲ့သည်။

## ဂွါဒီယိုလာဆက်ရှိစေလိုဟု ဖိလစ်လမ်း ပြောကြား

နည်းပြဂွါဒီယိုလာကို အသင်းတွင် ကာလရှည်ဆက်ရှိစေလိုသည်ဟု ဘိုင်ယန်မြူးနစ်အသင်းခေါင်းဆောင် ဖိလစ်လမ်းက ထုတ်ဖော်ပြောဆိုသည်။ ဘာစီလိုနာနည်းပြဟောင်းဂွါဒီယိုလာ၏ ဘိုင်ယန်နှင့် စာချုပ်သက်တမ်းမှာ လာမည့်နွေရာသီတွင် ကုန်ဆုံးမည်ဖြစ်ပြီး ၎င်းကို ပရီးမီးယားလိဂ်ထိပ်သီးအသင်းအချို့ကအလိုရှိနေရာ ဂွါဒီယိုလာနှင့်ဘိုင်ယန်ကြား အနာဂတ်မှာ မသေချာမှုများရှိနေသည်။ “ အရာအားလုံးက ကျွန်တော်တို့လက်ထဲမှာ မရှိပါဘူး။ ကျွန်တော်ပြောနိုင်တာကတော့ ကျွန်တော်တို့အားလုံး ဂွါဒီယိုလာကိုအသင်းမှာ ဆက်ရှိစေချင်ကြတယ်ဆိုတာပါပဲ။ သူဒီမှာဆက်နေဖို့လည်း တောင်းဆိုသွားမှာပါ” ဟု ဖိလစ်လမ်းက ဖွင့်ဟခဲ့သည်။



# ပါလာမိုနှင့်သရေကျခဲ့ခြင်းအတွက် အင်တာမီလန်နည်းပြမန်စီနီ မကျေမချမ်းဖြစ်နေ

## ဝေဖန်ခံနေရသည့် တိုက်စစ်မှူးအိုင်ကာဒီဘက်မှ ကာကွယ်ပြောကြား



ပါလာမိုနှင့်ပွဲတွင် သရေကျကာ အမှတ်ပေးဇယားထိပ်ဆုံးသို့ တက်ရောက်နိုင်ခွင့်ဆုံးရှုံးခဲ့ရခြင်းအတွက် အလွန်ပင်မကျေနပ်ဖြစ်မိကြောင်း အင်တာမီလန်နည်းပြ မန်စီနီကဖွင့်ဟဝန်ခံသည်။ အဆိုပါပွဲတွင် အင်တာမီလန်အသင်းက ပါရီဆစ်၏ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဂီလာဒီနိုက ပါလာမိုအတွက်ချေပကာ သရေကျသွားခဲ့သည်။ “ကျွန်တော်တို့အသင်းဟာ တိုက်စစ်နဲ့ခံစစ်နှစ်မျိုးလုံးမှာအားရစရာမကောင်းခဲ့ပါဘူး။ မူရီလိုထုတ်ပယ်ခံခဲ့ရတာကလည်း ကျွန်တော်တို့အတွက် ကံမကောင်းမှုပါပဲ။ လက်ရှိအချိန်မှာ ကျွန်တော်တို့အသင်းဟာ အမှတ်ပေးဇယားရဲ့ ထိပ်ပိုင်းမှာ ရပ်တည်နေတယ်။ ဒါပေမဲ့ ကျွန်တော်တို့လုံးဝမကျေနပ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က အနိုင်ရချင်ခဲ့တာပါ။ ကံမကောင်းစွာနဲ့ပဲ ကျွန်တော်တို့မအောင်မြင်ခဲ့ပါဘူး” ဟု မန်စီနီက ဝေဖန်ခဲ့သည်။ အင်တာမီလန်တိုက်စစ်မှူးအိုင်ကာဒီမှာ ယခုရာသီတွင် ၂ ဂိုးသာသွင်းယူထားနိုင်ရာ ဝေဖန်မှုများ ခံနေရသော်လည်း မန်စီနီက ကာကွယ်ပြောဆိုခဲ့သည်။ ယခုလိုအခြေအနေမျိုးနှင့် တိုက်စစ်မှူးတိုင်း ကြုံတွေ့ရနိုင်ကြောင်း၊ အသင်းနှင့်အံဝင်ရန်သာအရေးကြီးကြောင်း မန်စီနီက ဆိုခဲ့သည်။

## SHORT **NEWS**

- နည်းပြ မီဟိုင်းလိုဗစ်အနေဖြင့် အေစီမီလန်အသင်းရလဒ်ကောင်းများ ရရှိစေရန် ဦးဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း အင်တာမီလန်နည်းပြမန်စီနီက ထောက်ခံပြောဆိုသည်။ အေစီမီလန်အသင်းသည် ဆက်ဆူအိုလိုကိုအနိုင်ရပြီးနောက် အဆင့် ၁၀ သို့ရောက်ရှိလာသည်။
- ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၏ ဆောင်းရာသီနားရက်မတိုင်မီတွင် ပြန်ကစားနိုင်မည်ဟု ယုံကြည်ကြောင်း မတ်လကတည်းက အနားယူနေခဲ့ရသော ဘိုင်ယန်တောင်ပံကစားသမား ရီဘာရီက ပြောဆိုသည်။
- ချဲလ်ဆီးအသင်းမှ အငှားစာချုပ်ဖြင့်လာရောက်ကစားနေသော ကိုလံဘီယာတောင်ပံကစားသမား ကွာဒရာဒိုအား အပြီးသတ်ခေါ်ယူရန် ဂျူဗင်တပ်ကြိုးစားမည်ဟု အသင်းဒါရိုက်တာမာရော့တာ၏ ပြောစကားအရ သိရသည်။

# လာခြင်းကောင်းတဲ့ ဂတ်ဇီဆီ

**အောင်မြင့်ကော**

မြန်မာ့လက်ရွေးစင်အသင်းကို လပေါင်း ၂၀ ကိုင်တွယ်ခဲ့တဲ့ ဆားဘီးယားနည်းပြ အဗရာမိုဗစ်ကို MFF က နိုဝင်ဘာလ ၁၇ ရက်မှာ ထုတ်ပယ်လိုက်ပြီဖြစ်ပါတယ်။ ၂၀၁၃ ဆီးဂိမ်းအလွန် ၂၀၁၄ နှစ်ဆန်းပိုင်း ဖေဖော်ဝါရီလထဲမှာခန့်အပ်စဉ်အချိန်ကတည်းက မြန်မာဘောလုံးအသင်းအတွက် အာမခံချက်တစ်စုံတစ်ရာ မပေးနိုင်ခဲ့သလို နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလားအာရှဇုန်ခြေစစ်ပွဲတွေမှာလည်း ရလဒ်ကောင်းဖော်ဆောင်ပေးနိုင်ခြင်းမရှိခဲ့လို့ MFF က ထုတ်ပယ်လိုက်တဲ့ သဘောမှာရှိပါတယ်။



### ခေါင်းမာတဲ့မိုဗစ်

ဆားဘီးယားလူမျိုး အဗရာမိုဗစ်ဟာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို ၂၂ ပွဲကိုင်တွယ်ခဲ့ပြီး ၇ ပွဲနိုင်၊ ၄ ပွဲသရေ၊ ၁၁ ပွဲရှုံးမှတ်တမ်းနဲ့ အတူ နိုင်ပွဲရာခိုင်နှုန်း ၃၁ ဒသမ ၈ ရာခိုင်နှုန်းသာ ရေးထိုးနိုင်ခဲ့သူဖြစ်ပါတယ်။ မြန်မာဘောလုံးအသင်းကို ကိုင်တွယ်ခါစမှာ ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖိတ်ခေါ်ဖလားတစ်လုံးယူပြနိုင်ခဲ့လို့ နည်းပြမိုဗစ်နဲ့ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အံ့ဝင်ပြီထင်မှတ်ခဲ့ကြပေမယ့်လည်း ကစားသမားတွေကို ကိုင်တွယ်ရာမှာတစ်ယူသန်တစ်ဇွတ်ထိုးခေါင်းမာသူတစ်ဦးအဖြစ်သာ မှတ်ချက်တွေပေးကြတာတွေ့ရပါတယ်။ ကစားသမားတွေနဲ့ ဆက်ဆံရာမှာလည်း ပျော့ပျောင်းညင်သာမှုမရှိတတ်သူပါ။

ကိုင်တွယ်ခဲ့ပြီး အာဆီယံနိုင်ငံတွေဆီ ခြေဦးလှည့်ခဲ့သူပါ။ တကယ်တော့ စင်ကာပူဘောလုံးအသင်းကို ကိုင်တွယ်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုအတွင်း ရရှိခဲ့တဲ့ အောင်မြင်မှုတွေဆိုတာ ပြည်တွင်းနည်းပြဆရာတွေရဲ့ပံ့ပိုးမှု၊ စင်ကာပူဘောလုံးအဖွဲ့ချုပ်ရဲ့ ရေတို၊ ရေရှည်စီမံကိန်းတွေကြောင့်လို့ မှတ်ချက်ပေးရမှာပဲဖြစ်ပါတယ်။ မိုဗစ်ရဲ့ပင်ကိုအရည်အသွေးအားနည်းတယ်ဆိုတာကို ဒီဘက်ပိုင်း ၅ နှစ်အတွင်း စင်ကာပူအသင်းရဲ့ရလဒ်တွေကို ကြည့်ရုံနဲ့သိနိုင်ပါတယ်။

### MFF မှားခဲ့သလား

ဒီနေရာမှာ MFF ကို တစ်ခုပြောချင်ပါတယ်။ ကိုရီးယားနည်းပြ ပတ်ဆောင်ဟွာကြောင့် ထိခိုက်ခဲ့ရတဲ့ ဂုဏ်သိက္ခာကို လက်ပူတိုက်ပြီး မိုဗစ်နဲ့ကုသခဲ့တဲ့ကိစ္စပါ။ စင်ကာပူလက်ရွေးစင်အသင်းနဲ့ အောင်မြင်မှုတွေ ရခဲ့တဲ့ နည်းပြဆိုပြီး 'ထင်'တစ်လုံးနဲ့ တာဝန်ပေးခဲ့တာအဓိကအားနည်းချက်ပါပဲ။

ဒီထက်ပိုပြောရရင်တော့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်လက်ထက် ခန့်အပ်တာဝန်ပေးခဲ့တဲ့ နိုင်ငံခြားသားနည်းပြတွေအားလုံး မှန်ကန်မှုမရှိဘူးဆိုတာပါပဲ။ ဘာတွေမမှန်လဲဆိုရင် မြန်မာအသင်းနဲ့ အံ့ဝင်ခွင်ကျမဖြစ်တာကို ပြောချင်တာပါ။ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလမှာ ခန့်အပ်ခဲ့တဲ့ ဘူဂေးရီးယားနည်းပြအိုင်ဗင်ကိုလက်ဗ်ဟာ နည်းစနစ်ပိုင်းကောင်းတယ်လို့သိရပေမယ့်လည်း ကစားသမားရွေးချယ်မှုအပိုင်းတွေ အဆင်မပြေခဲ့ပါဘူး။



### အမှားပေါ် အမှားဆင့်

ဘာရာဇီးနည်းပြကြီးမားကိုစ်ဖလော်ပါကြတော့လည်း MFF အလိုကျ လိုက်လျောညီထွေဆက်ဆံရေးရှိခဲ့ပေမယ့် မြန်မာဘောလုံးအသင်းကတော့ မြန်မာဘောလုံးလောကအတွက် မျှော်လင့်ချက်ကြီးကြီးမားမား ထားခဲ့ကြတဲ့ကာလပါ။ ၄၄ နှစ်ကြာမှ ပထမဦးဆုံးအကြိမ် ပြန်လည်ကျင်းပခွင့်ရခဲ့တဲ့ဆီးဂိမ်းမှာ အောင်မြင်မှုရဖို့ဆိုပြီး ရည်ရွယ်ခဲ့တာဖြစ်ပေမယ့် အာဆီယံဘောလုံးအဖွဲ့ချုပ်နဲ့ အာရှဘောလုံးအဖွဲ့ချုပ်ကြားက စည်းမျဉ်းစည်းကမ်းတောင် အင်္ဂလိပ်လိုမဖတ်တတ်သူမှန်း အချိန်လွန်မှသိခဲ့ကြရတယ်။

### ဦးဇော်ဇော်တာဝန်ကျေပေမယ့်

သေချာတာတစ်ခုကတော့ MFF ဥက္ကဋ္ဌ ဦးဇော်ဇော် တာဝန်ယူခဲ့တဲ့ ၁၀နှစ်ကျော်ကာလအတွင်းမှာခန့်အပ်ခဲ့တဲ့ ပြည်ပနည်းပြ ၆ဦးစလုံး မှားယွင်းခဲ့တယ်ဆိုတာပါပဲ။ အခုလိုပြောလို့ ဥက္ကဋ္ဌကြီးလုပ်တာမကောင်းဘူး၊ မမှန်ဘူးဆိုပြီး စွပ်စွဲနေတာမဟုတ်ပါဘူး။ ဘောလုံးအဖွဲ့ချုပ်တစ်ခုအနေနဲ့ ခြုံကြည့်ရင် ဥက္ကဋ္ဌဦးဇော်ဇော် ဘယ်လောက်အထိတာဝန်ကျေခဲ့တယ်ဆိုတာ ဘောလုံးအသိုင်းအဝိုင်းတစ်ခုလုံးသိပါတယ်။ ဦးဇော်ဇော်နေရာမှာ အခြားသူတစ်ဦးဆိုရင်လည်း ဒီဖြစ်စဉ်တွေဖြစ်ကောင်းဖြစ်ခဲ့မှာပါပဲ။

### လာခြင်းကောင်းတဲ့ဂတ်ဇီဆီ

အခုဂျာမန်လူမျိုးနည်းပြ ဂတ်ဇီဆီကို ယူ-၁၉နည်းပြအဖြစ်ကနေ လက်ရွေးစင်အသင်းနည်းပြအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်ပါပြီ။ မြန်မာအားကစားသမားတွေရဲ့အထာကိုသိသလို လက်ရွေးစင်အသင်းကြီးကို ရောက်ရှိလာကြပြီဖြစ်တဲ့ ယူ-၁၉ ကစားသမားတွေကြောင့် အသင်းကိုပုံဖော်ဖို့ အခက်အခဲမရှိနိုင်ပါဘူး။ အချိန်တိုအတွင်း ဟန်ချက်ညီသွားလိမ့်မယ်လို ယုံကြည်ပါတယ်။ MFF ရွေးကောက်ပွဲအလွန် သက်တမ်းအသစ် တာဝန်ထမ်းဆောင်နေကြပြီဖြစ်တဲ့ ဥက္ကဋ္ဌကြီးဦးဇော်ဇော်ရဲ့ မြန်မာဘောလုံးအသင်းအတွက် အကောင်းဆုံးရွေးချယ်မှုတစ်ခုလို့လည်း ယူဆမိပါတယ်။

အချုပ်အားဖြင့်ဆိုရရင်တော့ ဂျာမန်နည်းပြဂတ်ဇီဆီကိုတာဝန်ပေးလိုက်တာ မြန်မာဘောလုံးနိဒါန်းသစ်တစ်ခု ဖွင့်လှစ်လိုက်တာပါပဲ။ ၁၉၉၀ပြည့်လွန်နှစ်များက ငွေခေတ်ဘောလုံးသမားတွေပေါ်ခဲ့တာဟာလည်း ဂျာမန်လူမျိုးနည်းပြကြီးဝါနာဘစ်ကယ်ဟော့ကြောင့်လို့ဆိုရမှာပါ။ အခုလည်း ဂျာမန်နည်းပြတစ်ဦးရဲ့ခေတ်သစ်ဘောလုံးနည်းစနစ်တွေအောက်မှာ မြန်မာ့ဘောလုံးလောကတစ်ခုပြန်လာတော့မှာ ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။





### မှတ်တမ်းမရှိခဲ့သူ

အသက် ၆၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နည်းပြမိုဗစ်ဟာ ကစားသမားဘဝတုန်းက ဂိုးသမားအဖြစ် အင်္ဂလန်ပထမတန်းကလပ် နော့ကောင်တီအသင်းနဲ့ ကိုဗင်ထရီစီးတီးအသင်းတွေမှာ ကစားခဲ့ဖူးသူပါ။ ဒါပေမဲ့လည်း သာမန်လက်စွမ်းအဆင့်သာရှိတဲ့မိုဗစ်ဟာ ယူဂိုဆလားဗီးယားအသင်းအတွက် တစ်ပွဲသာတာဝန်ယူခွင့်ရခဲ့တယ်လို့သိရပါတယ်။ ပြောရရင်တော့ ကစားသမားဘဝကတည်းက အောင်မြင်မှုမရခဲ့ဖူးသူဆိုတာပါပဲ။

### နည်းပြမိုဗစ်မှတ်တမ်းကောင်းခဲ့သလား

ကစားသမားဘဝကနေ အနားယူခဲ့တဲ့မိုဗစ်ဟာ အာရှကိုရောက်လာပြီး အိုမန် ယူ-၂၃ အသင်းနည်းပြအဖြစ် ၁၉၉၃ ခုနှစ်ကနေ ၁၉၉၈ ခုနှစ်အထိ မထင်မရှားတာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီနောက် ကူဝိတ်လက်ရွေးစင်အသင်းနဲ့ ယူ-၂၃ အသင်းတွေကို

> အခုဂျာမန်လူမျိုးနည်းပြ
> ဂတ်ဇီဆီကို ယူ-၁၉နည်းပြ
> အဖြစ်ကနေ
> လက်ရွေးစင်အသင်း
> နည်းပြအဖြစ်
> ပြောင်းလဲတာဝန်ပေးလိုက်ပါပြီ။
> မြန်မာအားကစားသမားတွေရဲ့
> အထာကိုသိသလို
> လက်ရွေးစင်အသင်းကြီးကို
> ရောက်ရှိလာကြပြီဖြစ်တဲ့
> ယူ-၁၉ကစားသမားတွေကြောင့်
> အသင်းကိုပုံဖော်ဖို့ . . .

အတွက်ထိရောက်တဲ့ နည်းစနစ်ပိုင်းတွေ လမ်းညွှန်ပြသနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒီလိုပဲ မြန်မာ့လက်ရွေးစင်အသင်းနည်းပြအဖြစ် သက်တမ်း ၄ လသာတာဝန်ယူခဲ့ရတဲ့ ခရိုအေးရှားနည်းပြဒရာဂိုမာမစ်ကို တစ်ပွဲတိုးခန့်အပ်တာဝန်ပေးခဲ့တာလည်း မှားယွင်းမှုတစ်ခုပါပဲ။ ထပ်မှားပါသေးတယ်။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလကနေ ဇူလိုင်လအထိ နောက်ထပ် ဆားဘီးယားလူမျိုးနည်းပြတစ်ဦးဖြစ်တဲ့ မီလန်ဇီဗာဒီနိုဗစ်ကို တာဝန်ပေးခဲ့တယ်။ ၆ လအတွင်း ၇ ပွဲကစား ၂ ပွဲ သရေ၊ ၅ ပွဲရှုံးနဲ့ ပြန်သွားရတယ်။

### ပတ်ဆောင်ဟွာ

ကိုရီးယားနည်းပြပတ်ဆောင်ဟွာကို တာဝန်ပေးခဲ့တဲ့ ၂ နှစ်တာကာလ

SPORTS VIEW JOURNAL

# ဂိုးပြတ်နိုင်ပွဲဆက်ဦးမယ့် ဘိုင်ယန်မြူးနစ်

## ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၁)ပွဲကြိုခန့်မှန်းချက်

### ဖရန့်ဖတ် VS ဘိုင်ယန်မြူးနစ်

နောက်ဆုံးတွေ့ဆုံမှု

၁၁-၄-၁၅ ဘိုင်ယန် ၃-၀ ဖရန့်ဖတ်

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ဖရန့်ဖတ် - L D L L W
ဘိုင်ယန် - W W W W W

ဘွန်ဒက်စ်လီဂါ ၁၀ ပွဲဆက်အနိုင်ရထားတဲ့ ဘိုင်ယန်မြူးနစ်ဟာ ဒီပွဲမှာလည်း ဖရန့်ဖတ်ကို ဂိုးပြတ်နိုင်ပွဲဆက်ဖို့ သေချာနေပါတယ်။

### ရှော်လ်ကေး VS အင်ဂိုလ်စတက်

နောက်ဆုံးတွေ့ဆုံမှု

မရှိ

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ရှော်လ်ကေး - W W L W L
အင်ဂိုလ်စတက်- L D W L L

နိုင်တစ်ခါ ရှုံးတစ်လှည့်ဖြစ်နေတဲ့ရှော်လ်ကေးရဲ့ခြေစွမ်းတည်ငြိမ်မှုမရှိပေမယ့် တန်းတက် အင်ဂိုလ်စတက်ကိုတော့ကပ်အနိုင်ရသွားမှာပါ။

### အော့စ်ဘတ် VS မိန့်ဇ်

နောက်ဆုံးတွေ့ဆုံမှု

၁၄-၃-၁၅အော့စ်ဘတ် ၀-၂ မိန့်ဇ်

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

အော့စ်ဘတ် - L L D L L
မိန့်ဇ် - L L W L L

ဒေါ့မွန်ကို ဂိုးပြတ်ရှုံးနိမ့်ထားတဲ့ အော့စ်ဘတ်ဟာ နောက်ဆုံးအိမ်ကွင်း ၃ ပွဲဆက်ရှုံးနိမ့်ထားတယ်။ မိန့်ဇ်ပဲ ကပ်အနိုင်ရသွားမှာပါ။

### ဝါဒါဘရီမင် VS ဒေါ့မွန်

နောက်ဆုံးတွေ့ဆုံမှု

၂၃-၅-၁၅ ဒေါ့မွန် ၃-၂ ဝါဒါဘရီမင်

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ဝါဒါဘရီမင် - L L L L W
ဒေါ့မွန် - D D L W W

ဘိုင်ယန်မြူးနစ်ကို အခက်တွေ့အောင်လုပ်ခဲ့တဲ့ ဝါဒါဘရီမင်ကို ဒေါ့မွန်တို့ ရုန်းကန်ရမှာဖြစ်ပေမယ့် အနိမ့်ဆုံးသရေကစားသွားမယ်လို့ထင်တယ်။

### ကိုလုံး VS ဟော့ဖန်ဟိမ်း

နောက်ဆုံးတွေ့ဆုံမှု

၁၂-၄-၁၅ ကိုလုံး ၃-၂ ဟော့ဖန်ဟိမ်း

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ကိုလုံး - L D W L L
ဟော့ဖန်ဟိမ်း - D W D L L

နှစ်သင်းစလုံးကနိုင်ပွဲလိုအပ်နေတဲ့အချိန်ဖြစ်တာကြောင့် တိုက်စစ်ဖွင့်ကစားလာဖို့ရှိနေတယ်။ သွင်းဂိုးအများနဲ့ ကိုလုံးကိုနှစ်သက်တယ်။

### ဟာသာဘာလင် VS မိုချန်ဂလက်ဘတ်

နောက်ဆုံးတွေ့ဆုံမှု

၃-၅-၁၅ ဟာသာ ၁-၂ ဂလက်ဘတ်

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ဟာသာ - W D W L W
ဂလက်ဘတ် - W W W W W

ဂလက်ဘတ်ကဂျူဗင်တပ်ကိုသရေကစားနိုင်ခဲ့သလို ပြီးခဲ့တဲ့ပွဲမှာလည်း ရှော်လ်ကေးကိုဂိုးပြတ်အနိုင်ယူခဲ့တယ်။ အိမ်ရှင်ကို မေ့ထားချင်ပါတယ်။

### ဝုဖ်ဘတ် VS လေဗာကူဆင်

နောက်ဆုံးတွေ့ဆုံမှု

၁၄-၂-၁၅လေဗာကူဆင်၄-၅ ဝုဖ်ဘတ်

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ဝုဖ်ဘတ် - L D L W W
လေဗာကူဆင်- W W D D W

နောက်ဆုံး ၂ ပွဲမှာ ၇ ဂိုးအထိပေးခဲ့ရတဲ့ လေဗာကူဆင်ရဲ့ခံစစ်က စိတ်ချလို့မရပါဘူး။ ၃ပွဲဆက်အနိုင်ရထားတဲ့ ဝုဖ်ဘတ်ပဲ ကပ်နိုင်သွားမှာပါ။

### စတုဂတ် VS ဒမ်းစတက်

နောက်ဆုံးတွေ့ဆုံမှု

၁၁-၁၁-၁၁ စတုဂတ် ၀-၀ ဒမ်းစတက်

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

စတုဂတ် - W L D W L
ဒမ်းစတက် - W D L W L

စတုဂတ်က တန်းဆင်းဇုန်ထဲကအသင်းဆိုပေမယ့် နောက်ဆုံး ၅ ပွဲမှာ ၁၀ ဂိုးသွင်းယူထားတယ်။အနိမ့်ဆုံးသရေကစားမယ့် အိမ်ရှင်ကိုရွေးမယ်။

### ဟမ်းဘတ် VS ဟန်နိုဗာ

နောက်ဆုံးတွေ့ဆုံမှု

၈-၂-၁၅ ဟမ်းဘတ် ၂-၁ ဟန်နိုဗာ

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ဟမ်းဘတ် - W L L D W
ဟန်နိုဗာ - L D W W L

ဝုဖ်ဘတ်ကိုသရေ၊ ဝါဒါဘရီမင်နဲ့ ကိုလုံးတို့ကိုအနိုင်ရခဲ့တဲ့ ဟန်နိုဗာဟာ ဟမ်းဘတ်အိမ်ကွင်းရောက်ရင်ရလဒ်ဆိုးတတ်တယ်။ အိမ်ရှင်ကိုရွေးမယ်။

#### ပွဲစဉ်(၁၀)အပြီး ဘွန်ဒက်စ်လီဂါအသင်းများ၏ ရပ်တည်မှု

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဘိုင်ယန် | ၁၀ | ၁၀ | ၀ | ၀ | ၃၃ | ၄ | +၂၉ | ၃၀ |
| ၂ | ဒေါ့မွန် | ၁၀ | ၇ | ၂ | ၁ | ၂၉ | ၁၂ | +၁၇ | ၂၃ |
| ၃ | ရှော်လ်ကေး | ၁၀ | ၆ | ၁ | ၃ | ၁၃ | ၁၂ | +၁ | ၁၉ |
| ၄ | ဝုဖ်ဘတ် | ၁၀ | ၅ | ၃ | ၂ | ၁၅ | ၁၂ | +၃ | ၁၈ |
| ၅ | ဟာသာ | ၁၀ | ၅ | ၂ | ၃ | ၁၃ | ၁၀ | +၃ | ၁၇ |
| ၆ | လေဗာကူဆင် | ၁၀ | ၅ | ၂ | ၃ | ၁၂ | ၁၂ | +၀ | ၁၇ |
| ၇ | ဂလက်ဘတ် | ၁၀ | ၅ | ၀ | ၅ | ၁၉ | ၁၇ | +၂ | ၁၅ |
| ၈ | အင်ဂိုလ်စတက် | ၁၀ | ၄ | ၂ | ၄ | ၆ | ၈ | -၂ | ၁၄ |
| ၉ | ကိုလုံး | ၁၀ | ၄ | ၂ | ၄ | ၁၃ | ၁၇ | -၄ | ၁၄ |
| ၁၀ | ဟမ်းဘတ် | ၁၀ | ၄ | ၂ | ၄ | ၉ | ၁၃ | -၄ | ၁၄ |
| ၁၁ | ဒမ်းစတက် | ၁၀ | ၃ | ၄ | ၃ | ၁၂ | ၁၃ | -၁ | ၁၃ |
| ၁၂ | ဖရန့်ဖတ် | ၁၀ | ၃ | ၃ | ၄ | ၁၆ | ၁၇ | -၁ | ၁၂ |
| ၁၃ | မိန့်ဇ် | ၁၀ | ၄ | ၀ | ၆ | ၁၃ | ၁၆ | -၃ | ၁၂ |
| ၁၄ | ဝါဒါဘရီမင် | ၁၀ | ၃ | ၁ | ၆ | ၁၀ | ၁၅ | -၅ | ၁၀ |
| ၁၅ | ဟန်နိုဗာ | ၁၀ | ၂ | ၂ | ၆ | ၉ | ၁၈ | -၉ | ၈ |
| ၁၆ | စတုဂတ် | ၁၀ | ၂ | ၁ | ၇ | ၁၅ | ၂၃ | -၈ | ၇ |
| ၁၇ | ဟော့ဖန်ဟိမ်း | ၁၀ | ၁ | ၃ | ၆ | ၁၂ | ၁၉ | -၇ | ၆ |
| ၁၈ | အော့စ်ဘတ် | ၁၀ | ၁ | ၂ | ၇ | ၉ | ၂၀ | -၁၁ | ၅ |

BUNDESLIGA

# အိမ်ကွင်းအမှတ်ပြည့်ရမယ့် စိန့်အီတီယန်နီ

## ပြင်သစ်လီဂူးပွဲစဉ်(၁၂)ပွဲကြိုခန့်မှန်းချက်

### ရင်းနစ် VS ပီအက်စ်ဂျီ

နောက်ဆုံးတွေ့ဆုံမှု

၃၁-၁-၁၅ ပီအက်စ်ဂျီ ၁-၀ ရင်းနစ်

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ရင်းနစ် - D D D L D
ပီအက်စ်ဂျီ - W W W D W

စိန့်အီတီယန်နီနဲ့ပွဲမှာ ဂိုးပြတ်သွင်းယူနိုင်ခဲ့တဲ့ ပီအက်စ်ဂျီဟာ ဒီပွဲမှာတော့ ခံစစ်လုံခြုံမှုရှိနေတဲ့ ရင်းနစ်ကို ကပ်အနိုင်ရဖို့ပဲ ရှိပါတယ်။

### စိန့်အီတီယန်နီ VS ရီအင်

နောက်ဆုံးတွေ့ဆုံမှု

၁၁-၁-၁၅ ရီအင် ၁-၂ စိန့်အီတီယန်နီ

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

စိန့်အီတီယန်နီ- L L W W L
ရီအင် - D W L L L

ပီအက်စ်ဂျီနဲ့ပွဲမှာ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရလို့ အိမ်ရှင်တို့ဒီပွဲမှာပေါက်ကွဲလာမှာ သေချာပါတယ်။ အနိုင်သေချာနေတဲ့ အိမ်ရှင်ကိုရွေးရမယ်။

### ဂူအင်ဂမ့် VS လောရီးယန့်

နောက်ဆုံးတွေ့ဆုံမှု

၂၅-၁-၁၅ ဂူအင်ဂမ့် ၃-၂ လောရီးယန့်

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ဂူအင်ဂမ့် - L D W D D
လောရီးယန့် - W L W D D

နိုင်ပွဲလိုအပ်နေတဲ့ အသင်းနှစ်သင်းရဲ့တွေ့ဆုံမှုမှာအိမ်ရှင်ဂူအင်ဂမ့်ကိုကြိုက်နှစ်သက်ပါတယ်။

### ထရိုယက်စ် VS လိုင်ယွန်

နောက်ဆုံးတွေ့ဆုံမှု

၆-၂-၁၄ လိုင်ယွန် ၂-၁ ထရိုယက်စ်

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ထရိုယက်စ် - L D L L L
လိုင်ယွန် - L W D L W

လိုင်ယွန်ရဲ့ခြေစွမ်းပြန်ကောင်းလာနေတာကြောင့် အိမ်ရှင်ထရိုယက်စ်ကို မေ့ထားရမှာပါ။

### အဂျက်စီရို VS ဘော်ဒိုး

နောက်ဆုံးတွေ့ဆုံမှု

မရှိ

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

အဂျက်စီရို - D L D L W
ဘော်ဒိုး - W D L D L

နောက်ဆုံး ၅ ပွဲမှာ ၄ ဂိုးသာသွင်းယူထားနိုင်တဲ့ဘော်ဒိုးရဲ့တိုက်စစ်ကြောင့်အိမ်ရှင်ကိုရွေးရမယ်။

#### အခြားပွဲစဉ်များ ခန့်မှန်းမှု

| | | |
|---|---|---|
| ဘက်စတီယာ | - | ကိန်း |
| တူးလောစ် | - | မောင့်ပယ်လီယာ |
| နိုက် | - | လိုင်လီ |
| မိုနာကို | - | အန်းဂါးစ် |
| နန့်တက်စ် | - | မာဆေးလ် |

# အနိုင်သေချာတဲ့ ဘန်လေနဲ့ ဖူလ်ဟမ်ကိုရွေးရမယ်

## ချန်ပီယံရှစ်ပွဲစဉ်(၁၄)ပွဲကြိုခန့်မှန်းချက်

### လိဒ် VS ဘလက်ဘန်း

နောက်ဆုံးတွေ့ဆုံမှု

၄-၄-၁၅ လိဒ် ၀-၃ ဘလက်ဘန်း

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

လိဒ် - L L L D D
ဘလက်ဘန်း - D W L D L

ဒီနှစ်သင်းက ခြေစွမ်းတူအသင်းတွေဆိုပေမယ့် သရေကျရင် ခပ်ပါးပါးပဲရှုံးမယ့် အိမ်ရှင်လိဒ်ကိုပဲ ရွေးချယ်ရမှာဖြစ်ပါတယ်။

### ဘရန့်ဖို့ဒ် VS ကျူပီအာ

နောက်ဆုံးတွေ့ဆုံမှု

၁၄-၂-၀၄ ဘရန့်ဖို့ဒ် ၁-၁ ကျူပီအာ

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ဘရန့်ဖို့ဒ် - L L W W W
ကျူပီအာ - L W L D W

နောက်ဆုံး ၃ ပွဲဆက်အနိုင်ရထားတဲ့ ဘရန့်ဖို့ဒ်ရဲ့ခြေစွမ်းပြန်တက်နေတာကြောင့် ကျူပီအာကို ကပ်အနိုင်ရသွားမယ်လို့ သုံးသပ်ရပါတယ်။

### ဘာမင်ဂမ် VS ဝုဗ်

နောက်ဆုံးတွေ့ဆုံမှု

၁၁-၄-၁၅ ဘာမင်ဂမ် ၂-၁ ဝုဗ်

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ဘာမင်ဂမ် - W W W W L
ဝုဗ် - W W L L L

နောက်ဆုံး ၅ ပွဲမှာ ၄ ပွဲအနိုင်ရထားတဲ့ ဘာမင်ဂမ်ပဲ အိမ်ကွင်းမှာအောင်ပွဲခံသွားမှာပါ။

### ဘရစ္စတိုး VS ဖူလ်ဟမ်

နောက်ဆုံးတွေ့ဆုံမှု

၂၈-၁၂-၉၇ ဖူလ်ဟမ် ၁-၀ ဘရစ္စတိုး

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ဘရစ္စတိုး - L D D W L
ဖူလ်ဟမ် - L D D D W

ဒီနှစ်သင်းတွေ့ဆုံတိုင်း အသာရထားတဲ့ ဖူလ်ဟမ်ပဲ အနိုင်ရဖို့ သေချာနေပါတယ်။

### ဘန်လေ VS ဟတ်ဒါဖီးလ်

နောက်ဆုံးတွေ့ဆုံမှု

၁-၁-၁၄ ဘန်လေ ၃-၂ ဟတ်ဒါဖီးလ်

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ဘန်လေ - L W W D W
ဟတ်ဒါဖီးလ် - D L D W L

အမှတ်ပေးဇယားရဲ့တတိယနေရာမှာရှိနေတဲ့ ဘန်လေက ဒီပွဲကိုလုံးဝအမှားခံမှာမဟုတ်ပါဘူး။ နှစ်ဂိုးပြတ်လောက်နဲ့နိုင်မယ့် ဘန်လေကိုရွေးမယ်။

#### အခြားပွဲစဉ်များ ခန့်မှန်းမှု

| | | |
|---|---|---|
| ဒါဘီ | - | ရော်သာဟမ် |
| အစ်ဝစ်ချ် | - | ကာဒစ်ဖ် |
| မစ်ဒယ်ဘာရော့ | - | ချာလ်တန် |
| အမ်ကေဒွန်း | - | ဟူးလ်စီးတီး |
| ရီးဒင်း | - | ဘရိုက်တန် |
| ရှက်ဖီးဝင်းစဒေး | - | နော်တင်ဟမ် |
| ပရက်စ်တန် | - | ဘော်လ်တန် |

# ချန်ပီယံလိဂ်မှာ အားကုန်သွန်တော့မယ့် ချဲလ်ဆီးကိုယုံကြည်ပါ

## ချန် ပီ ယံ လိဂ် အုပ် စု ပွဲ စဉ် ( ၄ ) ပွဲ ကြို ခန့် မှန်း ချက်

*ပြီးခဲ့တဲ့ပွဲစဉ် (၃)မှာ အင်္ဂလန်အသင်းတွေ ရှုံးပွဲမရှိခဲ့ဘဲ ရလဒ်ကောင်းမွန်ခဲ့လို့ နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်တွေ အားကောင်းလာခဲ့ပါတယ်။ ဒါပေမဲ့ အာဆင်နယ်၊ ချဲလ်ဆီး၊ မန်ယူအသင်းတွေအနေနဲ့ နောက်တစ်ဆင့်တက်ဖို့ နိုင်ပွဲတွေ လိုနေပါသေးတယ်။ အခုတစ်ပတ်အိမ်ကွင်းပွဲစဉ်တွေမှာ အနိုင်ရဖို့ အခြေအနေကောင်းနေပါတယ်။*



### ရီးရဲလ်မက်ဒရစ် VS ပီအက်စ်ဂျီ

ပထမအကျော့တွေ့ဆုံမှု

၂၁-၁၀-၁၅ ပီအက်စ်ဂျီ ၀-၀ ရီးရဲလ်မက်ဒရစ်

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ရီးရဲလ်မက်ဒရစ် - W D W D W
ပီအက်စ်ဂျီ - W W W W D

ဂါရတ်ဘေးလ်၊ ဘင်ဇီးမားတို့မပါဝင်ပေမယ့် ရီးရဲလ်မက်ဒရစ်ဟာ အဝေးကွင်းမှာ ပီအက်စ်ဂျီကို သရေကစားနိုင်ခဲ့ပါတယ်။ နှစ်သင်းစလုံး ခြေစွမ်းကောင်းမွန်နေပြီး သက်ဆိုင်ရာလိဂ်အသီးသီးမှာ ရှုံးပွဲမရှိစံချိန်နဲ့ ထိပ်ဆုံးနေရာမှာ ရပ်တည်နေကြပါတယ်။ သရေထပ်ကျဦးမှာပါ။

### ချဲလ်ဆီး VS ဒိုင်နမိုကိဗ်

နောက်ဆုံးတွေ့ဆုံမှု

၂၀-၁၀-၁၅ ဒိုင်နမိုကိဗ်၀-၀ ချဲလ်ဆီး

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ချဲလ်ဆီး - L L W D L
ဒိုင်နမိုကိဗ် - W W W L D

မော်ရင်ဟိုရဲ့တတိယရာသီမှာ ကံဆိုးမှုတွေနဲ့ ချဲလ်ဆီး ကြုံတွေ့နေခဲ့ရပြီး ရလဒ်တွေဆိုးရွားနေပါတယ်။ ဒိုင်နမိုကိဗ်ကတော့ ချန်ပီယံလိဂ်အုပ်စုတွင်း ရှုံးပွဲမရှိကစားထားပါတယ်။ ပရီးမီးယားလိဂ် မျှော်လင့်ချက်မရှိတော့တာမို့ ချန်ပီယံလိဂ်မှာ အားကုန်ဖွင့်လာမယ့် ချဲလ်ဆီးအနိုင်ပါပဲ။

### မန်ယူ VS စီအက်စ်ကေအေ

ပထမအကျော့တွေ့ဆုံမှု

၂၁-၁၀-၂၀၁၅စီအက်စ်ကေအေ ၁-၁ မန်ယူ

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

မန်ယူ - D L W D D
စီအက်စ်ကေအေ - W L W D D

မန်ယူခြေစွမ်းကောင်းမွန်လာပေမယ့်ဂိုးသွင်းစွမ်းရည်လိုအပ်နေပါတယ်။ မာရှယ်၊ ဟာရဲရားတို့ ခြေစွမ်းကောင်းလာပေမယ့် ရွန်နီခြေကျနေပါတယ်။ စီအက်စ်ကေအေကတော့ အိမ်ကွင်းရလဒ်ကောင်းပေမယ့် အဝေးကွင်းမှာ ရှုန်းကန်ရလေ့ရှိပါတယ်။ မန်ယူအနိုင်ရမှာပါ။

### လိုင်ယွန် VS ဇင်းနစ်

နောက်ဆုံးတွေ့ဆုံမှု

၂၀-၁၀-၁၅ ဇင်းနစ် ၃-၁ လိုင်ယွန်

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

လိုင်ယွန် - L W D L W
ဇင်းနစ် - W W D W W

ချန်ပီယံလိဂ်အုပ်စုတွင်း နိုင်ပွဲမရှိသေးတဲ့ လိုင်ယွန်အဖို့ နောက်တစ်ဆင့်တက်ဖို့ အလွန်ခက်ခဲနေပါပြီ။ ဇင်းနစ်ကတော့ ၃ပွဲဆက်နိုင်ထားတာမို့ ရှုံးထွက်အဆင့်ကို တက်ရောက်ဖို့ သေချာသလောက်ရှိနေပါပြီ။ အမှတ်လိုနေတဲ့လိုင်ယွန် အိမ်ကွင်းမှာ ရလဒ်ကောင်းမှာပါ။

### ပီအက်စ်ဗွီ VS ဝုဖ်ဘတ်

နောက်ဆုံးတွေ့ဆုံမှု

၂၁-၁၀-၂၀၁၅ ဝုဖ်ဘတ် ၂-၀ ပီအက်စ်ဗွီ

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ပီအက်စ်ဗွီ - L W D L W
ဝုဖ်ဘတ် - L L L W W

ဝုဖ်ဘတ်ကွင်းမှာ ဂိုးပြတ်ရှုံးခဲ့လို့ ပီအက်စ်ဗွီအဖို့ အိမ်ကွင်းမှာ အနိုင်ရလဒ်တစ်ခု လိုအပ်နေခဲ့ပါပြီ။ ဝုဖ်ဘတ်ကတော့ ၂ပွဲနိုင်ထားတာမို့ နောက်တစ်ဆင့်တက်ဖို့အခြေအနေကောင်းနေပါပြီ။ ပီအက်စ်ဗွီအိမ်ကွင်းရလဒ်ကောင်းတာမို့ ဝုဖ်ဘတ်အမြင့်ဆုံးသရေပါပဲ။

### ဆီဗီလာ VS မန်စီးတီး

ပထမအကျော့တွေ့ဆုံမှု

၂၁-၁၀-၁၅ မန်စီးတီး ၂-၁ ဆီဗီလာ

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ဆီဗီလာ - L W D L W
မန်စီးတီး - W W W W D

ပထမအကျော့က မန်စီးတီးဟာ အိမ်ကွင်းမှာ အသည်းအသန်ကစားခဲ့ရပြီး ဒီဘရိုင်နီရဲ့ နောက်ကျဂိုးနဲ့သာ အနိုင်ရခဲ့တာပါ။ ဆီဗီလာက အိမ်ကွင်းကောင်းတဲ့အသင်းတစ်သင်းဖြစ်တာကြောင့် မန်စီးတီးအဖို့ သေချာပေါက်ကစားရခက်မှာပါ။ ဆီဗီလာအနိမ့်ဆုံးသရေပါပဲ။

### ရိုးမား VS လေဗာကူဆင်

နောက်ဆုံးတွေ့ဆုံမှု

၂၀-၁၀-၁၅ လေဗာကူဆင် ၄-၄ ရိုးမား

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ရိုးမား - L W W D W
လေဗာကူဆင် - L D D D W

ပထမအကျော့က အကြိတ်အနယ်ရှိခဲ့ပြီး ၄ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပါတယ်။ နှစ်သင်းစလုံးနောက်တစ်ဆင့်တက်ဖို့ အကြိတ်အနယ်ယှဉ်ပြိုင်ရဦးမှာပါ။ ရိုးမား နောက်ပိုင်းရလဒ်တွေကောင်းမွန်လာပြီး တိုက်စစ်ပိုင်းလည်း ဂိုးသွင်းခြေမှန်လာတာမို့အိမ်ကွင်းမှာအနိုင်ကစားသွားမှာပါ။

### ဘင်ဖီကာ VS ဂါလာတာစာရေး

နောက်ဆုံးတွေ့ဆုံမှု

၂၁-၁၀-၁၅ဂါလာတာစာရေး ၂-၁ ဘင်ဖီကာ

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ဘင်ဖီကာ - W W W L L
ဂါလာတာစာရေး - D W W W D

နောက်ဆုံး ၂ပွဲဆက် ရှုံးနိမ့်ထားတဲ့ဘင်ဖီကာရဲ့ခြေစွမ်းကျဆင်းနေပြီး ဂါလာတာစာရေးကတော့ ပြိုင်ပွဲစုံနောက်ဆုံး ၇ပွဲဆက် ရှုံးပွဲမရှိကစားထားပါတယ်။ နောက်တစ်ဆင့်တက်ဖို့ နှစ်သင်းစလုံး အမှတ်လိုနေသေးတာကြောင့် အကြိတ်အနယ်ကစားပြီး သရေကျနိုင်ပါတယ်။

### ဂလက်ဘတ် VS ဂျူဗင်တပ်

ပထမအကျော့တွေ့ဆုံမှု

၂၁-၁၀-၁၅ ဂျူဗင်တပ် ၀-၀ ဂလက်ဘတ်

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ဂလက်ဘတ် - L W W D W
ဂျူဗင်တပ် - W W D D W

နည်းပြသစ်တာဝန်ယူပြီးတဲ့နောက် တစ်ဟုန်ထိုးခြေစွမ်းတက်လာတဲ့ဂလက်ဘတ်ကိုသတိထားရပါတော့မယ်။ ဂျူဗင်တပ်ကလည်း ကြာမြင့်လာတာနဲ့အမျှ ခြေစွမ်းတိုးတက်လာနေပါတယ်။ နောက်တစ်ဆင့်တက်ဖို့ ဂလက်ဘတ် အမှတ်လိုနေတာကြောင့် အိမ်ကွင်းမှာအနိုင်နဲ့သရေပါပဲ။

### ဘာစီလိုနာ VS ဘိုရီဆော့

နောက်ဆုံးတွေ့ဆုံမှု

၂၀-၁၀-၁၅ ဘိုရီဆော့ ၀-၂ ဘာစီလိုနာ

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ဘာစီလိုနာ - W W L W W
ဘိုရီဆော့ - W W D W L

အိမ်ကွင်းမှာတောင် ၂ဂိုးပြတ်ရှုံးခဲ့ရတဲ့ ဘိုရီဆော့အဖို့ ဘာစီလိုနာကို အဝေးကွင်းမှာ ခက်ခက်ခဲခဲ ရင်ဆိုင်ရတော့မှာပါ။ ဒီတစ်ပွဲနိုင်ရင် နောက်တစ်ဆင့်တက်ဖို့ သေချာသလောက်ဖြစ်သွားမှာမို့ ဘာစီလိုနာကလည်း တင်ကစားလာမှာပါ။ အိမ်ရှင်ဂိုးပြတ်နိုင်ပါတယ်။

### ဘိုင်ယန်မြူးနစ် VS အာဆင်နယ်

နောက်ဆုံးတွေ့ဆုံမှု

၂၀-၁၀-၁၅ အာဆင်နယ် ၂-၀ ဘိုင်ယန်မြူးနစ်

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

ဘိုင်ယန်မြူးနစ် - W W W L W
အာဆင်နယ် - L W W W W

ပထမကျော့က အံ့အားသင့်ဖွယ်ခြေစွမ်းပြခဲ့ပြီး အာဆင်နယ် ဂိုးပြတ်အနိုင်ယူခဲ့ပါတယ်။ ဒါပေမဲ့ ဘိုင်ယန်မြူးနစ်ကတော့ နောက်တစ်ဆင့်တက်ဖို့ အခြေအနေကောင်းနေဆဲပါ။ လက်ရှိအာဆင်နယ်ရဲ့ခြေစွမ်းကောင်းမွန်နေပေမယ့် အဝေးကွင်းမှာ အမြင့်ဆုံးသရေပဲရမှာပါ။

### ကျန်ပွဲစဉ်များ ခန့်မှန်းချက်

| | | |
|---|---|---|
| အက်စတာနာ | - | အက်သလက်တီကို |
| ရှက်တာဒိုးနက် | - | မယ်လ်မို |
| အိုလံပီယာကို့စ် | - | ဒိုင်နမိုဇာဂရက် |
| မက္ကာဘီတဲလ်အဗစ် | - | ပေါ်တို |
| ဂျင့် | - | ဗလင်စီယာ |

(မျဉ်းသားထားသောအသင်းများမှာ အားကစားမြင်ကွင်းဂျာနယ်အကြိုက်ဖြစ်ပါသည်။)

# အသင်းကြီးတွေအခက်အခဲတွေ့နေတဲ့ ယခုရာသီပရီးမီးယားလိဂ်ပြိုင်ပွဲ



၂၀၁၅-၁၆ဘောလုံးရာသီပရီးမီးယားလိဂ်ပြိုင်ပွဲကတော့ ပွဲစဉ် (၁၀)ပြီးဆုံးသွားခဲ့ပါပြီ။ ဒီရာသီပရီးမီးယားလိဂ်ဟာ အကြိတ်အနယ်ပိုရှိလာပြီး အသင်းကြီးတွေနဲ့ အသင်းငယ်တွေကြားမှာ ခြေစွမ်းကွာဟမှု ပိုမိုကျဉ်းမြောင်းလာပါတယ်။ အသင်းကြီးတွေအနေနဲ့ အသင်းလတ်၊ အသင်းငယ်တွေကို အရင်နှစ်တွေကလို လွယ်လွယ်ကူကူ အနိုင်ရဖို့ ခက်သည်ထက်ခက်လာခဲ့ပါပြီ။ ပွဲစဉ် ၁၀အပြီးမှာ မန်စီးတီးက အာဆင်နယ်နဲ့အမှတ်တူ ဂိုးကွာခြားချက်အသာနဲ့ အမှတ်ပေးဇယားကို ဦးဆောင်နေပါတယ်။ ပွဲစဉ် ၁၀ကစားပြီးချိန်မှာ ထိပ်သီးအသင်းတွေဖြစ်ကြတဲ့ မန်စီးတီး၊ အာဆင်နယ်နဲ့ မန်ယူတို့ဟာ ၂ပွဲစီ ရှုံးနိမ့်ထားခဲ့ပါပြီ။ ရာသီမစခင်မှာ အသင်းကြီးတွေအနေနဲ့ လိုအပ်တဲ့အင်အားဖြည့်တင်းမှုတွေကို ပြုလုပ်ထားနိုင်ခဲ့ပေမယ့် အသင်းငယ်တွေနဲ့တွေ့ဆုံချိန်မှာ ပိုမိုခက်ခဲစွာ ရင်ဆိုင်လာခဲ့ရတာဖြစ်ပါတယ်။

အထူးသဖြင့် လက်ရှိချန်ပီယံချဲလ်ဆီးအနေနဲ့ ၁၀ပွဲကစားပြီးချိန်မှာ ၅ပွဲရှုံးနိမ့်ထားခဲ့လို့ ချန်ပီယံဆုကို လက်လွှတ်ဖို့ သေချာသွားခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက်ကိုတောင် ခက်ခက်ခဲခဲယှဉ်ပြိုင်ရတော့မှာဖြစ်ပါတယ်။ ဒီလိုဖြစ်ပေါ်ခဲ့တာဟာ ချဲလ်ဆီးရဲ့ ခြေစွမ်းကျဆင်းမှုက ရာခိုင်နှုန်းအနည်းငယ်သာ ပါဝင်ခဲ့ပြီး ပြိုင်ဘက်အသင်းတွေရဲ့ စိတ်ဓာတ်ပိုင်း၊ နည်းစနစ်ပိုင်းကောင်းမွန်မှုနဲ့ ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာတယ်ဆိုတဲ့အနေအထားကို ပိုမိုထင်ဟပ်စေပါတယ်။ ချဲလ်ဆီးရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်တွေဖြစ်တဲ့ မန်စီးတီး၊ ပဲလေ့စ်၊ ဆောက်သမ်တန်၊ အဲဗာတန်နဲ့ ဝက်စ်ဟမ်းပွဲစဉ်တွေမှာ အငြင်းပွားမှုအချို့ရှိခဲ့ပေမယ့် ထိုက်ထိုက်တန်တန်ရှုံးနိမ့်ခဲ့တယ်လို့သတ်မှတ်နိုင်ပြီး ပြိုင်ဘက်အသင်းတွေဟာ လက်ရှိချန်ပီယံချဲလ်ဆီးကို အကောင်းဆုံးတုံ့ပြန်ကစားသွားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် မန်စီးတီး၊ ဆောက်သမ်တန်နဲ့ အဲဗာတန်တို့ကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတာပဲဖြစ်ပါတယ်။ ဒီရာသီမှာ ပရီးမီးယားလိဂ်ကို ပြောင်းရွှေ့ရောက်ရှိလာတဲ့ နည်းပြတွေဖြစ်တဲ့ ဝက်စ်ဟမ်းနည်းပြ ဘီလစ်၊ လက်စတာနည်းပြ ရေနီယာရီ၊ ဝက်ဖို့ဒ်နည်းပြ ဖလောရက်စ်တို့ရဲ့စွမ်းဆောင်ရည်ကလည်း အသင်းကြီးတွေကို အကောင်းဆုံးတုံ့ပြန်ကစားတဲ့နေရာမှာ အဓိကကျပါတယ်။ ဝက်စ်ဟမ်းအသင်းဟာဆိုရင် လက်ရှိအချိန်မှာ ပရီးမီးယားလိဂ်နောက်ဆုံး ၇ပွဲဆက်တိုက် ရှုံးပွဲမရှိကစားနိုင်ခဲ့ပြီး အမှတ်ပေးဇယားတတိယနေရာကို ရောက်ရှိကာ လာမယ့်ရာသီဥရောပပြိုင်ပွဲတစ်ရပ်ရပ်ကို ဝင်ရောက်ဖို့အခြေအနေကောင်းကို ပိုင်ဆိုင်နေပါပြီ။ ဒါ့အပြင် လက်စတာအသင်းဟာလည်း ပွဲစဉ် ၁၀ပွဲမှာ တစ်ပွဲသာ ရှုံးနိမ့်ထားကာ ချဲလ်ဆီး၊ လီဗာပူး၊ စပါး၊ ဆောက်သမ်တန် စတဲ့အသင်းကြီးအချို့ရဲ့ အထက် အဆင့် ၅နေရာမှာ ရပ်တည်နေပါတယ်။ ဒီရာသီမှာ ခြေစွမ်း သိသိသာသာတိုးတက်လာတဲ့ အသင်းတွေထဲမှာ စပါး၊ ခရစ္စတယ်ပဲလေ့စ်၊ ဆောက်သမ်တန်အသင်းတွေလည်း ပါဝင်နေပါတယ်။ ဒီအသင်းတွေမှာ ပါဝင်ကစားနေတဲ့ ကစားသမားတွေဟာ အသင်းကြီးတွေက ကစားသမားတွေနဲ့ ခြေရည်တူယှဉ်ပြိုင်ကစားနိုင်ပြီး အချို့ဆိုရင် ပိုမိုသာလွန်ကောင်းမွန်တဲ့ခြေစွမ်းကိုတောင် ပြသထားနိုင်ပါတယ်။ ဒါကြောင့် ဒီရာသီဟာ အသင်းကြီးတွေ အခက်တွေ့တဲ့ရာသီဆိုရင် မှားနိုင်မယ်မထင်ပါဘူး။

## ချန်ပီယံလိဂ်အုပ်စုအဆင့်ရပ်တည်မှုများ

အုပ်စု(A)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ရီးရဲလ် | ၃ | ၂ | ၁ | ၀ | ၆ | ၀ | ၇ |
| ပီအက်စ်ဂျီ | ၃ | ၂ | ၁ | ၀ | ၅ | ၀ | ၇ |
| မယ်လ်မို | ၃ | ၁ | ၀ | ၂ | ၁ | ၄ | ၃ |
| ရှက်တာဒိုးနက် | ၃ | ၀ | ၀ | ၃ | ၀ | ၈ | ၀ |

အုပ်စု(B)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ဝုဖ်ဘတ် | ၃ | ၂ | ၀ | ၁ | ၄ | ၂ | ၆ |
| မန်ယူ | ၃ | ၁ | ၁ | ၁ | ၄ | ၄ | ၄ |
| စီအက်စ်ကေအေ | ၃ | ၁ | ၁ | ၁ | ၄ | ၄ | ၄ |
| ပီအက်စ်ဗွီ | ၃ | ၁ | ၀ | ၂ | ၄ | ၆ | ၃ |

အုပ်စု(C)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| အက်-တီကို | ၃ | ၂ | ၀ | ၁ | ၇ | ၂ | ၆ |
| ဘင်ဖီကာ | ၃ | ၂ | ၀ | ၁ | ၅ | ၃ | ၆ |
| ဂါလာတာစာရေး | ၃ | ၁ | ၁ | ၁ | ၄ | ၅ | ၄ |
| အက်စ်တာနာ | ၃ | ၀ | ၁ | ၂ | ၂ | ၈ | ၁ |

အုပ်စု(D)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ဂျူဗင်တပ် | ၃ | ၂ | ၁ | ၀ | ၄ | ၁ | ၇ |
| မန်စီးတီး | ၃ | ၂ | ၀ | ၁ | ၅ | ၄ | ၆ |
| ဆီဗီလာ | ၃ | ၁ | ၀ | ၂ | ၄ | ၄ | ၃ |
| ဂလက်ဘတ် | ၃ | ၀ | ၁ | ၂ | ၁ | ၅ | ၁ |

အုပ်စု(E)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ဘာစီလိုနာ | ၃ | ၂ | ၁ | ၀ | ၅ | ၂ | ၇ |
| လေဗာကူဆင် | ၃ | ၁ | ၁ | ၁ | ၉ | ၇ | ၄ |
| ဘိုရီဆော့ | ၃ | ၁ | ၀ | ၂ | ၄ | ၈ | ၃ |
| ရိုးမား | ၃ | ၀ | ၂ | ၁ | ၇ | ၈ | ၂ |

အုပ်စု(F)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ၃ | ၂ | ၀ | ၁ | ၈ | ၂ | ၆ |
| အိုလံပီယာကော့ | ၃ | ၂ | ၀ | ၁ | ၄ | ၅ | ၆ |
| အာဆင်နယ် | ၃ | ၁ | ၀ | ၂ | ၅ | ၅ | ၃ |
| ဒိုင်နမိုဇာဂရက် | ၃ | ၁ | ၀ | ၂ | ၂ | ၇ | ၃ |

အုပ်စု(G)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ပေါ်တို | ၃ | ၂ | ၁ | ၀ | ၆ | ၃ | ၇ |
| ဒိုင်နမိုကိဗ် | ၃ | ၁ | ၂ | ၀ | ၄ | ၂ | ၅ |
| ချဲလ်ဆီး | ၃ | ၁ | ၁ | ၁ | ၅ | ၂ | ၄ |
| မက်ကာဘီ | ၃ | ၀ | ၀ | ၃ | ၀ | ၈ | ၀ |

အုပ်စု(H)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ဇင်းနစ် | ၃ | ၃ | ၀ | ၀ | ၈ | ၄ | ၉ |
| ဗလင်စီယာ | ၃ | ၂ | ၀ | ၁ | ၅ | ၄ | ၆ |
| ဂျန့် | ၃ | ၀ | ၁ | ၂ | ၃ | ၅ | ၁ |
| လိုင်ယွန် | ၃ | ၀ | ၁ | ၂ | ၂ | ၅ | ၁ |

### ဂိုးအများဆုံးသွင်းထားသူများ



| | | |
|---|---|---|
| ရော်နယ်ဒို | (ရီးရဲလ်) | ၅ ဂိုး |
| အဘူဘေကာ | (ပေါ်တို) | ၃ ဂိုး |
| ဒွန်ဘီယာ | (စီအက်စ်ကေအေ) | ၃ ဂိုး |
| ဂိုက်တန် | (ဘင်ဖီကာ) | ၃ ဂိုး |
| ဟာနန်ဒက် | (လေဗာကူဆင်) | ၃ ဂိုး |
| လီဝမ်ဒေါ်စကီး | (ဘိုင်ယန်) | ၃ ဂိုး |

### ဂိုးဖန်တီးမှုအများဆုံးပြုလုပ်ထားသူများ



| | | |
|---|---|---|
| သီယာဂို | (ဘိုင်ယန်) | ၃ကြိမ် |
| ရှာတော့ | (ဇင်းနစ်) | ၃ကြိမ် |
| ကာဟမ်နိုဂလူ | (လေဗာကူဆင်) | ၂ကြိမ် |
| ကိုမန် | (ဘိုင်ယန်) | ၂ကြိမ် |
| နေမာ | (ဘာစီလိုနာ) | ၂ကြိမ် |
| ဂွန်ဇာလက် | (ဒိုင်နမိုကိဗ်) | ၂ကြိမ် |

## တစ်ပတ်အတွင်းကစားခဲ့သော ပွဲရလဒ်များ

### ပရီးမီးယားလိဂ်ပွဲစဉ် (၁၀)

| | | |
|---|---|---|
| ဝက်စ်ဟမ်း | ၂-၁ | ချဲလ်ဆီး |
| လက်စတာ | ၁-၀ | ပဲလေ့စ် |
| ဗီလာ | ၁-၂ | ဆွမ်ဆီး |
| စတုတ် | ၀-၂ | ဝက်ဖို့ဒ် |
| နော့ဝစ်ချ် | ၀-၁ | ဝက်စ်ဘရွန်း |
| အာဆင်နယ် | ၂-၁ | အဲဗာတန် |
| ဆန်းဒါးလန်း | ၃-၀ | နယူးကာဆယ် |
| မန်ယူ | ၀-၀ | မန်စီးတီး |
| ဘုန်းမောက် | ၁-၅ | စပါး |
| လီဗာပူး | ၁-၁ | ဆောက်သမ်တန် |

### လာလီဂါပွဲစဉ် (၉)

| | | |
|---|---|---|
| ဗယ်လီကာနို | ၃-၀ | အက်စ်ပန်ညို |
| ဆယ်တာဗီဂို | ၁-၃ | ရီးရဲလ်မက်ဒရစ် |
| ဂရန်နာဒါ | ၁-၁ | ဘက်တစ် |
| ဆီဗီလာ | ၅-၀ | ဂီတာဖေး |
| မာလာဂါ | ၂-၀ | ဒီပိုတီဗို |
| လီဗန်တေး | ၀-၄ | ဆိုစီဒက် |
| လက်စ်ပါးမား | ၀-၀ | ဗီလာရီးရဲလ် |
| ဘာစီလိုနာ | ၃-၁ | အီဘာ |
| အက်သလက်တီကို | ၂-၁ | ဗလင်စီယာ |

### စီးရီးအေပွဲစဉ် (၉)

| | | |
|---|---|---|
| အမ်ပိုလီ | ၂-၀ | ဂျီနိုအာ |
| ကာပီ | ၁-၂ | ဘိုလော့နာ |
| ပါလာမို | ၁-၁ | အင်တာ |
| ဆမ်ဒိုရီးယား | ၄-၁ | ဗီရိုနာ |
| ဂျူဗင်တပ် | ၂-၀ | အတ္တလန္တာ |
| မီလန် | ၂-၁ | ဆက်ဆူအိုလို |
| အူဒီးနီးစ် | ၁-၀ | ဖရိုဆီနိုနီ |
| ဖီအိုရင်တီးနား | ၁-၂ | ရိုးမား |
| လာဇီယို | ၃-၀ | တိုရီနို |
| ချီယေဗို | ၀-၁ | နာပိုလီ |

### ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၀)

| | | |
|---|---|---|
| ဟော့ဖန်ဟိမ်း | ၀-၁ | ဟမ်းဘတ် |
| ဘိုင်ယန် | ၄-၀ | ကိုလုံး |
| လေဗာကူဆင် | ၄-၃ | စတုဂတ် |
| ဟန်နိုဗာ | ၁-၂ | ဖရန့်ဖတ် |
| မိန့်ဇ် | ၁-၃ | ဝါဒါဘရီမင် |
| ဒမ်းစတက် | ၀-၁ | ဝုဖ်ဘတ် |
| အင်ဂိုစတက် | ၀-၁ | ဟာသာဘာလင် |
| ဒေါ့မွန် | ၅-၁ | အော့စ်ဘတ် |
| ဂလက်ဘတ် | ၃-၁ | ရှော်လ်ကေး |

### ပြင်သစ်လီဂူး-၁ ပွဲစဉ် (၁၁)

| | | |
|---|---|---|
| ကိန်း | ၀-၂ | နန့်တက် |
| လိုင်ယွန် | ၃-၀ | တူးလော့စ် |
| လိုးရီးယန့် | ၁-၁ | ရင်းနက် |
| အန်းဂါးစ် | ၀-၀ | ဂွင်ဂန့် |
| အဂျာစီယို | ၃-၁ | နိုက်စ် |
| မွန့်ပယ်လီယာ | ၂-၀ | ဘက်စတီးယာ |
| ရိန်းစ် | ၀-၁ | မိုနာကို |
| ဘော်ဒိုး | ၁-၀ | ထရိုင်ယက် |
| လိုင်လီ | ၁-၂ | မာဆေး |
| ပီအက်စ်ဂျီ | ၄-၁ | စိန့်အက်တီယန် |

# အာရှယူ-၁၉ ခြေစစ်ပွဲမှ ဖြစ်ရပ်များကြောင့် အေအက်ဖ်စီက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အား ပြစ်ဒဏ်ချမှတ်ခဲ့



မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၆ အာရှယူ-၁၉ ချန်ပီယံရှစ် ခြေစစ်ပွဲစဉ်များတွင် ဖြစ်ပွားခဲ့သည့် ပြိုင်ပွဲကျင်းပနေစဉ်အတွင်း ပရိသတ်တစ်ဦးကွင်းအတွင်းဝင်ရောက်ခြင်း၊ ပရိသတ်အချို့မှာ ရေဘူးဖြင့် ပစ်ပေါက်ခြင်းနှင့် ပွဲစဉ်တစ်ပွဲတွင် မီးကျည်ဖောက်ခြင်းစသည့် ဖြစ်ရပ်များကြောင့် အာရှဘောလုံးအဖွဲ့ချုပ်(AFC)၏စည်းကမ်းထိန်းသိမ်းရေးကော်မတီက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အား အရေးယူမှုများ ပြုလုပ်ခဲ့သည်။ မြန်မာယူ-၁၉နှင့် ဟောင်ကောင်ယူ-၁၉ ပွဲစဉ်တွင် ပရိသတ်တစ်ဦးဝင်ရောက်နှောင့်ယှက်မှုအတွက် ဒဏ်ငွေ ဒေါ်လာ ၆၀၀၀၊ ရေဘူးဖြင့် ပစ်ပေါက်ခဲ့ခြင်းအတွက် ဒဏ်ငွေ ဒေါ်လာ ၄၅၀၀၊ မြန်မာယူ-၁၉နှင့် ဗီယက်နမ်ယူ-၁၉ပွဲစဉ်တွင် မီးကျည်ဖြင့် ပစ်ပေါက်ခြင်းအတွက် ဒဏ်ငွေဒေါ်လာ ၇၅၀၀၊ ပြိုင်ပွဲလုံခြုံရေးအစီအစဉ်များ အားနည်းချို့ယွင်းမှုအတွက် ဒဏ်ငွေ ဒေါ်လာ ၇၅၀၀၊ စုစုပေါင်း ဒဏ်ငွေ ၂၅၅၀၀ ပေးဆောင်ရမည့်အပြင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (AFC) ပွဲစဉ်တစ်ပွဲအား ပရိသတ်မပါဘဲ ကစားရမည်ဖြစ်သည်။ အကယ်၍အလားတူဖြစ်ရပ်မျိုး ထပ်မံဖြစ်ပွားပါက ပိုမိုကြီးလေးသော ပြစ်ဒဏ်အား ချမှတ်သွားမည်ဖြစ်ကြောင်း အာရှဘောလုံးအဖွဲ့ချုပ်က တရားဝင်အသိပေးကြေညာခဲ့သည်။

# အာဆီယံဘောလုံးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးဇော်ဇော်ရွေးချယ်ခံရ




မလေးရှားနိုင်ငံ ကွမ်တံမြို့တွင် ကျင်းပခဲ့သော ဒုတိယကြိမ်မြောက် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးတွင် အာဆီယံဒေသဘောလုံးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်အား ရွေးချယ်တင်မြောက်ခဲ့ခြင်းဖြစ်သည်။ ဦးဇော်ဇော်သည် အာဆီယံဘောလုံးအဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်း တာဝန်ထမ်းဆောင်လျက်ရှိသည်။ အဆိုပါ အစည်းအဝေးတွင် ဆန္ဒပြုရွေးချယ်မှုအရ ယခုကဲ့သို့ တာဝန်ပေးအပ်ခြင်း ခံခဲ့ရခြင်းဖြစ်သည်။ အာဆီယံဘောလုံးဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် အဖွဲ့ဝင်များအဖြစ် စင်ကာပူ၊ ဩစတြေးလျ၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံများမှအဖွဲ့ဝင်များပါဝင်ကြသည်။ ■

# ဗီယက်နမ်ယူ-၂၁ ဖိတ်ခေါ် ပြိုင်ပွဲဝင်ရောက်ရန် မြန်မာ ယူ-၂၁အသင်း ဖွဲ့စည်းလေ့ကျင့်လျက်ရှိ



ဗီယက်နမ်နိုင်ငံတွင် နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် သန်နင်းသတင်းစာဖလား နိုင်ငံတကာ အသက် ၂၁နှစ်အောက် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့ယူ-၂၁အသင်းကို ပဏာမ ကစားသမား ၂၆ဦးဖြင့် စတင်ဖွဲ့စည်းကာ အောက်တိုဘာ ၂၆ရက်မှစ၍လေ့ကျင့်မှုများပြုလုပ်လျက်ရှိနေပြီဖြစ်သည်။ အဆိုပါပြိုင်ပွဲကို ဗီယက်နမ်ထိပ်သီးကလပ်ဟောင်အန်းဂယ်လိုင် ယူ-၂၁အသင်း၊ ထိုင်းယူ-၂၁အသင်း၊ စင်ကာပူယူ-၂၁အသင်း၊ ဗီယက်နမ်ယူ-၁၉၊ တောင်ကိုရီးယားယူ-၁၉နှင့် မြန်မာယူ-၂၁အသင်းများ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ မြန်မာယူ-၂၁အသင်းကို နည်းပြချုပ်အဖြစ် အဲရစ်ဝီလျံ၊ လက်ထောက်နည်းပြများအဖြစ် ဦးညီညီလတ်နှင့် ဦးမျိုးမင်းထွန်း၊ ဂိုးနည်းပြအဖြစ် ဦးအောင်သက်တို့က တာဝန်ယူ ဆောင်ရွက်ကြမည်ဖြစ်သည်။

**ပဏာမ မြန်မာယူ-၂၁အသင်း**

ဂိုး - ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်(MFF Youth)၊ ဝေလင်းအောင်(ရန်ကုန်)၊ ထွန်းအောင်ကျော်(Horizon)

နောက်တန်း - ထိုက်ထိုက်အောင်(ရောဝတီ)၊ နန်းဝေမင်း၊ သီဟထက်အောင်(ရန်ကုန်)၊ နိုင်လင်းထွန်း(မကွေး)၊ ရဲရင့်အောင်၊ စိုးမိုးထွန်း(MFF Youth)၊ ကိုကိုဟိန်း(ဇွဲကပင်)

အလယ်တန်း - မျိုးကိုထွန်း (ရတနာပုံ)၊ ရန်နိုင်ဦး၊ သက်ပိုင်ဦး (ဇေယျာရွှေမြေ)၊ စွမ်းထက်အောင်၊ ထူးခန့်လွင်(ရန်ကုန်)၊ ကျော်ဇေယျ၊ မောင်မောင်လွင် (ဟံသာဝတီ)၊ အောင်ကျော်နိုင်(ရောဝတီ)၊ လှိုင်မျိုးအောင်(ကမ္ဘောဇ)၊ ဇင်ဖြိုးအောင်(ဇွဲကပင်)၊ အောင်မိုးသူ(MFF Youth)

ရှေ့တန်း - အောင်ဇင်ဖြိုး(Horizon)၊ ကောင်းဆက်နိုင်(ရန်ကုန်)၊ ပြည်မိုး(ရခိုင်)၊ သန်းဇော်ဟိန်း(မကွေး)

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ယူ-၁၃အမျိုးသမီး ဘောလုံးပြိုင်ပွဲတစ်ရပ်ကျင်းပလျက်ရှိ




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် 100 PLUS ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် အသက် ၁၃နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ တစ်ရပ်အား အောက်တိုဘာ ၂၄ရက်မှ နိုဝင်ဘာ ၁ရက်အထိ ရန်ကုန်မြို့ ပဒုမ္မာဘောလုံးကွင်းတွင် ကျင်းပလျက်ရှိကြောင်းသိရှိရသည်။ အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဘောလုံးအသင်း ၁၈သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် မျိုးဆက်သစ်လူငယ်အမျိုးသမီးဘောလုံးသမားများ ထွက်ပေါ်လာစေရန် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ပွဲစဉ်များကို ၁ရက်လျှင် ၈ပွဲနှုန်း ကျင်းပမည်ဖြစ်ပြီး ၁ပွဲလျှင် မိနစ် ၃၀ နှစ်ပိုင်း ပွဲချိန်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အုပ်စု ၄စုခွဲခြားထားပြီး အုပ်စုပွဲစဉ်များကို အောက်တိုဘာ ၂၄ရက်မှ ၂၇ရက်အထိ ကျင်းပခဲ့သည်။ ရှုံးထွက်အဆင့်ကို အောက်တိုဘာ ၂၉ရက်နှင့် ၃၀ရက်၊ ဗိုလ်လုပွဲ တတိယနေရာနှင့် ဆုပေးပွဲကို နိုဝင်ဘာ ၁ရက်တို့တွင် ပြုလုပ်ရန် စီစဉ်ထားသည်။ ■

# ဘတ်စကက်ဘောဒိုင်လူကြီးနှင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

အားကစားဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် တပ်မတော်ဘတ်စကက်ဘောကော်မတီနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ပူးပေါင်းဖွင့်လှစ်သည့် ၂၀၁၅ခုနှစ် ဘတ်စကက်ဘောဒိုင်လူကြီးနှင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ရက် နံနက်ပိုင်းက ကျိုက်ကဆံ ဘတ်စကက်ဘောအားကစားရုံ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။ အစီအစဉ်အရသင်တန်းတွင်ပို့ချမည့် နည်းပြဆရာအဖွဲ့၊ ဒိုင်လူကြီးအဖွဲ့များနှင့် သင်တန်းသားများတစ်ဦးချင်း မိတ်ဆက်၍ဂါရဝပြုနှုတ်ဆက်ကြသည်။ အဆိုပါသင်တန်းသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်သည်ဘတ်စကက်ဘောအားကစားသမား ၂၁ဦးနှင့် အားကစားဝန်ကြီးဌာနမှ ၂ဦး စုစုပေါင်း သင်တန်းသား ၂၃ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကို အောက်တိုဘာ ၂၃ရက်မှ ၃၁ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

# အားကစားတက္ကသိုလ် တည်ဆောက်မှုနှင့် အားကစားလှုပ်ရှားမှု ပြခန်းများအား ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး



မြန်မာ့အားကစားရေရှည်တိုးတက်မှုရရှိစေရေးအတွက် အထောက်အကူပြုနိုင်မည့် အားကစားတက္ကသိုလ်ကြီးအား နေပြည်တော်ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းအနီး၌တည်ဆောက်လျက်ရှိရာ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားဝန်ကြီးဌာန အားကစား လှုပ်ရှားမှုပြခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါပြခန်းတွင် အာရှအားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင်ရွှေတံဆိပ် ၄ခုနှင့်အထက် ရရှိခဲ့သော မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများအား ရုပ်တုပြုလုပ်ထားရှိပြီး ရွှေတံဆိပ် ၂ခုနှင့်အထက်ရရှိသော မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများအား ဓာတ်ပုံမှတ်တမ်း၊ ကိုယ်ရေးအချက်အလက်များဖြင့် ဂုဏ်ပြုထားရှိမှုအား ကြည့်ရှုစစ်ဆေး၍ ရွှေတံဆိပ်များဆွတ်ခူးနိုင်ရေး ထူးချွန်စွာ တာဝန်ယူနည်းပြခဲ့ကြသော နည်းပြဟောင်းကြီးများအား ဂုဏ်ပြုထားရှိနိုင်ရန်၊ တိုင်းရင်းသားရိုးရာအားကစားနည်းများအား အများပြည်သူကြည့်ရှုနိုင်ရန် ထားရှိနိုင်ရေးနှင့် ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံပြခန်းတို့အား အများပြည်သူ လေ့လာကြည့်ရှုနိုင်ရေး ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။

# နိုင်ငံတကာပွဲများ ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင် အသင်း လူစာရင်း ထွက်ပေါ်



နိုဝင်ဘာလအတွင်းတွင် ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်း၏နိုင်ငံတကာဘောလုံးပြိုင်ပွဲများအတွက် အပြီးသတ်ကစားသမား ၂၃ဦးစာရင်းကို မြန်မာ့လက်ရွေးစင်အသင်း၏နည်းပြချုပ် ဂတ်ဇီဆီက ရွေးချယ်လိုက်ပြီဖြစ်သည်။ အဆိုပါကစားသမားများထဲတွင်ပြီးခဲ့သည့်ကမ္ဘာ့ဖလားခြေစစ်ပွဲများတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ကစားသမားအများစု ပြန်လည်ပါဝင်လာပြီး ကစားသမားသစ်များအဖြစ် နောက်တန်းတွင် ဟိန်းသီဟဇော်(ဧရာဝတီ)၊ ရဲဝင်းအောင်(ရတနာပုံ)၊ ရှေ့တန်းတွင် သက်နိုင်(ရတနာပုံ)တို့ ရွေးချယ်ခံခဲ့ရသည်။ ဝါရင့်နောက်ခံလူ ခင်မောင်လွင်ကို ပြန်လည်ရွေးချယ်ခြင်း မပြုတော့ဘဲ ပြီးခဲ့သည့် လက်ဘနွန်၊ လာအိုတို့နှင့်ခြေစစ်ပွဲများတွင် ချန်လှပ်ခြင်းခံခဲ့ရသော နေလင်းထွန်း(ဧရာဝတီ)ကို ပြန်လည်ရွေးချယ်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် လာမည့် နိုဝင်ဘာလ ၇ရက်တွင် ဟောင်ကောင်အသင်းနှင့်ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားပြီးနောက် တောင်ကိုရီးယား၊ ကူဝိတ်အသင်းများနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲများ ဆက်လက်ကစားမည်ဖြစ်သည်။

## မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ သတ္တမ ပွဲစဉ်အား ရန်ကုန်မြို့၌ကျင်းပ

မြန်မာနိုင်ငံတွင် ထူးချွန်သောဂေါက်သီးအားကစားသမားများထွက်ပေါ်လာရေးအတွက် ကျင်းပပြုလုပ်လျက်ရှိသည့် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ သတ္တမမြောက်ပွဲစဉ်ကို ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)တွင် နိုဝင်ဘာ ၃ရက်မှ ၆ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရှိရသည်။ အဆိုပါပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်အဆင့်၊ ဝါသနာရှင်အမျိုးသားအဆင့် (Handicap 0-12)အဆင့်ရှိသူများနှင့် အမျိုးသမီး (Handicap 0-22) အဆင့်ပြိုင်ပွဲများပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပရော်ဖက်ရှင်နယ်အဆင့်နှင့် ဝါသနာရှင်အဆင့် အားကစားသမားများမှာ နိုဝင်ဘာလ ၁ရက်မွန်းတည့် ၁၂ နောက်ဆုံးထား၍ အမည်စာရင်းနှင့် ပြိုင်ပွဲဝင်ကြေး ပေးသွင်းရမည်ဖြစ်သည်။ ဝါသနာရှင်အဆင့်အမျိုးသားပြိုင်ပွဲအတွက် ပြိုင်ပွဲဝင် ၉၆ဦးသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကန့်သတ်ထားပြီး ကြိုတင်လေ့ကျင့်မှုများအတွက် အောက်တိုဘာ ၂၉ရက်နှင့် ၃၀ရက်တို့တွင် ခွင့်ပြုပေးထားမည်ဖြစ်ကြောင်း သိရှိရသည်။

■

# မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် သရေရလဒ်များထွက်ပေါ်

မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှကြီးမှူး၍ MPT ၏ ကူညီပံ့ပိုးမှုဖြင့် Myanmar Media Management က စီစဉ်ကျင်းပသည့် Myanmar Ultimate Fight မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို အောက်တိုဘာ ၂၅ ရက်က သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ကျင်းပခဲ့ရာ ပွဲစဉ် ၁၁ပွဲတွင် သရေပွဲ ၇ပွဲထွက်ပေါ်ခဲ့ပြီး စိုးလင်းဦးနှင့် သပြေညို၊ စောငမန်းနှင့် စောဂေါ်မူဒိုတို့ ပွဲစဉ်များမှာလည်း သရေရလဒ်ထွက်ပေါ်ခဲ့သည်။ ၅ချီစိန်ခေါ်ပွဲ ၇ပွဲကျင်းပခဲ့ရာ စိုးလင်းဦး(ဒို့ရိုးရာ)နှင့် သပြေညို (ဘိလပ်မြေစက်ရုံ)တို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသော်လည်း လက်ရည်တူနေသောကြောင့် သရေရလဒ်သာ ထွက်ပေါ်နေသည်။ စောငမန်း(ရွှေဖူး)နှင့် စောဂေါ်မူဒို(သတ္တိ)တို့ ပွဲစဉ်တွင်လည်း ပြိုင်ဆိုင်မှုမပြင်းထန်ဘဲ သရေပွဲဖြင့်သာ ပြီးဆုံးခဲ့သည်။ အခြား ၅ချီပွဲစဉ်



များတွင် ဖိုးလပြည့်(ရွှေဖူး)နှင့် ထက်အောင်ဦး(တောင်ကလေး)တို့ သရေကျခဲ့ပြီး ဝမ်းစတား(ရွှေဖူး)က စောဝီလျံ(နဂါးနီ)ကို ဒုတိယအချီတွင် အနိုင်ရရှိခဲ့သည်။ ထို့ပြင် မိုက်ရိုင်း(ရွှေဖူး)က စောသဲဦး (STL) ကို ပထမအချီတွင် အလဲထိုး၍အနိုင်ရခဲ့ပြီး မိုးဟိန်း(ဘိလပ်မြေစက်ရုံ)နှင့် လှစ်လှစ်လေး(အောင်မြန်မာ)တို့ သရေကျခဲ့သည်။ စောထူးဇော်(ဒို့ရိုးရာ)က မြလင်းအောင်(နဂါးနီ)ကို တတိယအချီတွင် အနိုင်ရရှိခဲ့သည်။ ရွှေဝါထွန်းနှင့် နောင်လုံဖျံတို့ ယှဉ်ပြိုင်ခဲ့သော သက်ကြီးလက်ဝှေ့ပွဲစဉ်မှာလည်း သရေဖြင့်သာ ပြီးဆုံးခဲ့သည်။

## မြန်မာ့လက်ရွေးစင်နည်းပြချုပ် ဂတ်ဇီဆီ ပြန်လည်ရောက်ရှိ

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်အဖြစ် ခန့်အပ်ခြင်းခံထားရသော ဂျာမနီလူမျိုးနည်းပြဂတ်ဇီဆီသည် မိခင်နိုင်ငံသို့ ခွင့်သွားရောက်နေရာမှ ပြန်လည်ရောက်ရှိလာပြီး မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲများအား လိုက်လံကြည့်ရှုကာ ကစားသမားရွေးချယ်ရေးအတွက် ဆောင်ရွက်နေကြောင်း သိရှိရသည်။ ဂတ်ဇီဆီသည် အောက်တိုဘာလ ၂၅ရက်က သုဝဏ္ဏကွင်းတွင် ကစားခဲ့သည့် ဇွဲကပင်နှင့် ရန်ကုန်ယူ



နိုက်တက်အသင်းတို့၏ပွဲစဉ်အား ကြည့်ရှုခဲ့ကြောင်း သိရသည်။ ဂတ်ဇီဆီအနေဖြင့် လာမည့်နိုဝင်ဘာလဆန်းတွင် ဟောင်ကောင်နှင့်ခြေစမ်းပွဲအား မြန်မာ့လက်ရွေးစင်အသင်းနှင့် ပွဲဦးထွက်ပွဲစဉ်အဖြစ် စတင်ကိုင်တွယ်ရမည်ဖြစ်သည်။ ဂတ်ဇီဆီသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် လက်ရွေးစင်အသင်းရွေးချယ်ရေးကိစ္စများအတွက် အောက်တိုဘာ ၂၆ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

# သတင်းတိုများ

■ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာအင်တာနေရှင်ပြိုင်ပွဲ စစ်တုရင်ပြိုင်ပွဲကို အောက်တိုဘာ ၂၃ရက်မှ ၂၇ရက်အထိ ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

■ သက်တမ်းအလိုက်ရေကူးပြိုင်ပွဲတစ်ရပ်ကို အမျိုးသားရေကူးကန်တွင် အောက်တိုဘာ ၃၁ရက်မှ နိုဝင်ဘာ ၁ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ အတန်း ၆တန်း ပါဝင်မည်ဖြစ်သည်။

■ ယခင်မြန်မာ့လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံခဲ့ရသော ကစားသမားများဖြစ်သည့် သန်းပိုင်၊ မောင်မောင်လွင်နှင့် ရှိုင်းသူရတို့ ၃ဦးအား မြန်မာယူ-၂၃အသင်းအတွက် ပြောင်းလဲရွေးချယ်ခဲ့ သည်။

■ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် နိုဝင်ဘာလ ၁၃ရက်မှ ၁၈ရက်ထိ ကျင်းပမည့် ၂၀၁၅ ကမ္ဘာ့ဝူရှူးပြိုင်ပွဲတွင် မြန်မာအားကစားသမား ၄ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

■ ၂၀၁၅ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် တန်းမဆင်းရရန် ရုန်းကန်ခဲ့ရသည့် ဇေယျာရွှေမြေအသင်းသည် နည်းပြချုပ် ဦးကျော်မင်းအား ရာထူးမှ ထုတ်ပယ်ခဲ့သည်။

■ မြန်မာ ၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲနှင့် အာဆီယံဖူဆယ်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်သည်။



# သမိုင်းတွင်ကျန်ရစ်မယ့် မေဝယ်သာရဲ့ ၁၉ နှစ်တာ အောင်မြင်မှုတွေအကြောင်း

နေမျိုးသူရိန်

တကယ်တော့ မေဝယ်သာက လူပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ စင်းလုံးချော အပြစ်ကင်းစင်တဲ့လူတစ်ယောက် မဟုတ်ပါဘူး။ နှိမ့်ချမှုအပြည့်ရှိပြီး လူကြီးလူကောင်းဆန်တဲ့ ဟန်မျိုးလည်း မေဝယ်သာမှာမရှိပါဘူး။ သူ့ဘဝမှာ အငြင်းပွားဖွယ်ဖြစ်ရပ်တွေ ရှိခဲ့ဖူးတယ်။ နေအိမ်အကျယ်ချုပ်၊ ဆိုင်းငံ့ထောင်ဒဏ်နဲ့ တရားတဘောင်ကိစ္စတွေ အများကြီး ရှိခဲ့တာပါ။ ဒါပေမဲ့ ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝမှာတော့ စံပြအားကစားသမားတစ်ဦးလို့ ဆိုရပါလိမ့်မယ်။ ဖလွိုက်မေဝယ်သာဂျူနီယာဆိုတဲ့ လက်ဝှေ့သမားတစ်ဦးဟာ သူ့ရဲ့ခေတ်မှာ အကောင်းဆုံး လက်ဝှေ့သမားဖြစ်ခဲ့တာတော့ အငြင်းပွားစရာ မရှိလောက်ပါဘူး။ ဒါပေမဲ့ လက်ဝှေ့လောက ကနေ အနားယူသွားပြီဖြစ်တဲ့ မေဝယ်သာကို လက်ဝှေ့ကြိုးဝိုင်းထဲမှာ ဘယ်တော့မှ တွေ့ရနိုင်တော့မှာမဟုတ်ပါဘူး။

မေဝယ်သာကို သူ့မျိုးဆက်မှာ အထူးချွန်ဆုံး လက်ဝှေ့သမားလို့ ဆိုကြတယ်။ လက်ဝှေ့သမိုင်းရဲ့ ထာဝရအကောင်းဆုံး အားကစားသမားတွေထဲမှာ အပါအဝင်ဖြစ်တယ်လို့ သုံးသပ်ကြပါတယ်။ ဒီလိုဆိုရလောက်အောင်လည်း မေဝယ်သာရဲ့ လက်ဝှေ့သမားဘဝက အောင်မြင်မှုတွေ ပြည့်နှက်နေခဲ့တယ်။ သူဟာ ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝမှာ ၄၉ ပွဲ ထိုးသတ်ခဲ့တဲ့အနက် ပွဲအားလုံး အနိုင်ရခဲ့တယ်။ အဲဒီ ၄၉ ပွဲမှာ အလဲထိုးအနိုင်ရခဲ့တဲ့ပွဲပေါင်း ၂၆ ပွဲအထိ ရှိခဲ့တာပါ။ ကျန်တဲ့ပွဲတွေမှာတော့ ဒိုင်တွေရဲ့ တညီတညွတ်တည်း ဆုံးဖြတ်ချက်နဲ့အတူ အနိုင်ရရှိခဲ့ပါတယ်။ မေဝယ်သာဟာ ပရော်ဖက်ရှင်နယ်အဖြစ် ကျင်လည်ခဲ့တဲ့ ၁၉ နှစ်တာကာလမှာ ဝိတ်တန်း ၅ တန်းမှာ ပြိုင်ဘက်တွေနဲ့ ထိုးသတ်ခဲ့ရတယ်။ ဝိတ်တန်း ၅ တန်းလုံးမှာလည်း မေဝယ်သာကို ယှဉ်နိုင်တဲ့သူမရှိဘဲ သူက ဝိတ်တန်း ၅ တန်းရဲ့ ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့ပါတယ်။

လက်ဝှေ့လောက အပြင်ဘက် ရောက်သွားပြီဖြစ်တဲ့ မေဝယ်သာ တစ်ယောက် သာမန်လူတစ်ယောက်လို ပျော်ရွှင်မှု၊ လွတ်လပ်မှုတွေခံစားနေရပါပြီ။ သူကြည့်ချင်တဲ့ပွဲတွေ သွားရောက်ကြည့်ရှုတယ်။ ဂီတနားဆင်တယ်။ ကောင်းကောင်းအနားယူတယ်။ ဒီတစ်ခါမှာတော့ မေဝယ်သာက ၁၉ နှစ်တာ ကာလအတွင်း သူရခဲ့တဲ့ ချန်ပီယံခါးပတ်တွေကို စုစည်းပြသလိုက်ပါတယ်။ ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝတစ်လျှောက် သိမ်းပိုက်နိုင်ခဲ့တဲ့ ချန်ပီယံခါးပတ်ပေါင်း ၂၂ ခုနဲ့အတူ မေဝယ်သာက မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး သူ့ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာထက်မှာ တင်လိုက်ပါတယ်။ ဒဗလျူဘီစီ၊ ဒဗလျူဘီအေနဲ့ အိုင်ဘီအက်ဖ် အဖွဲ့အစည်းတွေရဲ့ ချန်ပီယံခါးပတ်တွေကို လူမှုဝက်ဘ်ဆိုက်မှာ ထုတ်ဖော်တင်ပြလိုက်ရင်း မေဝယ်သာက ‘ ဒါတွေက ၁၉ နှစ်အတွင်း ရခဲ့တဲ့ ချန်ပီယံဘွဲ့တွေ၊ ဒါပေမဲ့ သူတို့တွေက ဒီချန်ပီယံဘွဲ့တွေအကြောင်းကို ထာဝရပြောနေကြလိမ့်မယ်’ လို့ ရေးသားခဲ့ပါသေးတယ်။

မေဝယ်သာရေးသလို လူတွေက သူ့အကြောင်းကို ထာဝရပြောနေကြလိမ့်မယ်ဆိုတာက လွန်ကဲတဲ့ တင်စားမှုဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ မေဝယ်သာဂျူနီယာဆိုတဲ့အမည်က လက်ဝှေ့သမိုင်းမှာ ထာဝရတွင်ကျန်နေမယ်ဆိုတာကတော့ သံသယပွားစရာ မလိုပါဘူး။ မေဝယ်သာရဲ့ ဘဝတစ်လျှောက်လုံးကလည်း လက်ဝှေ့ဘဝတစ်ခုဖြစ်ခဲ့တယ်မဟုတ်လား။ မေဝယ်သာဟာ လက်ဝှေ့သမားမျိုးဆက်၊ လက်ဝှေ့မိသားစုကနေ ဆင်းသက်ပေါက်ဖွားလာခဲ့တာပါ။ သူ့အဖေ၊ ဦးလေးတွေ အားလုံး လက်ဝှေ့သမားအဖြစ် အသက်

> မေဝယ်သာရဲ့ ငယ်စဉ်ဘဝက ဆင်းရဲနွမ်းပါးခဲ့တယ်။ လျှပ်စစ်မီးမရှိတဲ့ အခန်းတစ်ခုထဲမှာ မိသားစုတွေစုပြီး နေခဲ့ရတယ်။ မေဝယ်သာရဲ့ ဖခင်ဟာ မူးယစ်ဆေးရောင်းပြီး မိသားစုကို လုပ်ကိုင်ကျွေးမွေးခဲ့ရတယ်။ ဒါပေမဲ့ မေဝယ်သာကတော့ မူးယစ်ဆေးရဲ့ သားကောင်ဘဝကို မရောက်ခဲ့ပါဘူး။

မွေးခဲ့ကြတယ်။ ဒီတော့လည်း မေဝယ်သာ ငယ်စဉ်ကတည်းက လက်ဝှေ့အားကစားရဲ့ လွှမ်းမိုးမှုခံခဲ့ရတယ်။ လက်ဝှေ့ကလွဲပြီး ဘယ်အလုပ်ကိုမှ သူစိတ်မဝင်စားခဲ့သလို ဘယ်အလုပ်ကိုမှလည်း မလုပ်ခဲ့ဖူးပါဘူး။ “ ကျွန်တော့်ရဲ့ အလားအလာကို အဘွားကစမြင်ခဲ့တယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော် ငယ်ငယ်တုန်းက ကျွန်တော်အလုပ်လုပ်မှဖြစ်မယ်လို့ အဘွားကိုပြောခဲ့ဖူးတယ်။ အဘွားက လက်ဝှေ့သာထိုးစမ်းပါ မြေးရယ်လို့ ကျွန်တော့်ကို တိုက်တွန်းခဲ့ပါတယ်”လို့ မေဝယ်သာက ဖွင့်ဟခဲ့ပါတယ်။

မေဝယ်သာရဲ့ ငယ်စဉ်ဘဝက ဆင်းရဲနွမ်းပါးခဲ့တယ်။ လျှပ်စစ်မီးမရှိတဲ့ အခန်းတစ်ခုထဲမှာ မိသားစုတွေစုပြီး နေခဲ့ရတယ်။ မေဝယ်သာရဲ့ ဖခင်ဟာ မူးယစ်ဆေးရောင်းပြီး မိသားစုကို လုပ်ကိုင်ကျွေးမွေးခဲ့ရတယ်။ ဒါပေမဲ့ မေဝယ်သာကတော့ မူးယစ်ဆေးရဲ့ သားကောင်ဘဝကို မရောက်ခဲ့ပါဘူး။ လက်ဝှေ့အားကစားက မေဝယ်သာရဲ့ ဘဝကို ပြောင်းလဲစေခဲ့တယ်။ အောင်မြင်မှုတွေ ရရှိစေခဲ့ပါတယ်။ ဖခင်အပါအဝင် မိသားစုရဲ့ ကူညီပံ့ပိုးမှုတွေနဲ့အတူ မေဝယ်သာဟာ လက်ဝှေ့လောကထဲကို ခြေစုံပစ်ဝင်ခဲ့တယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ကျောင်းထွက်ခဲ့ရပေမယ့် မေဝယ်သာဟာ အပျော်တမ်း လက်ဝှေ့လောကမှာ အောင်မြင်မှုတွေ စတင်ရယူနိုင်ခဲ့ပါတယ်။ အပျော်တမ်း လက်ဝှေ့လောကမှာ မေဝယ်သာရဲ့ အောင်မြင်မှုမှတ်တမ်းက ၈၄ ပွဲနိုင်၊ ၆ ပွဲရှုံးဖြစ်ပါတယ်။ အဲဒီနောက် အိုလံပစ်ပြိုင်ပွဲတွေမှာ ပါဝင်ဆင်နွှဲပြီး ၁၉၉၆ မှာတော့ ပရော်ဖက်ရှင်နယ်လောကထဲကို ရောက်ရှိလာခဲ့ပါတော့တယ်။

ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကထဲ ရောက်လာတဲ့အခါမှာ စူပါဖယ်သာဝိတ်၊ လိုက်ဝိတ်၊ လိုက်ဝယ်တာဝိတ်၊ လိုက်မစ်ဒယ်ဝိတ်၊ ဝယ်တာဝိတ်ဆိုတဲ့ ဝိတ်တန်း ၅မျိုးမှာ ပြိုင်ဘက်မရှိဖြစ်ခဲ့ပါတယ်။ သူဟာ ဒီနှစ်စက်တင်ဘာလထဲမှာ အန်ဒရီဘာတိုနဲ့နောက်ဆုံးအဖြစ်ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီးနောက် လက်ဝှေ့သမားအဖြစ်ကနေ ထာဝရအနားယူသွားခဲ့ပါတယ်။ အရင်က အနားယူခဲ့ရာကနေ ပြန်လည်ထိုးသတ်မှုတွေ ပြုလုပ်ခဲ့ဖူးပေမယ့် ဒီတစ်ကြိမ်ကတော့ ပြန်လာဖို့မလွယ်ကူတော့ပါဘူး။ ၃၈ နှစ်ဆိုတဲ့ အသက်အပိုင်းအခြားအရ မေဝယ်သာကို လက်ဝှေ့ကြိုးဝိုင်းထဲမှာ ပြန်မြင်ရဖို့မဖြစ်နိုင်တော့ပါဘူး။ သူ့ရဲ့ ၁၉ နှစ်တာ ပရော်ဖက်ရှင်နယ်ဘဝမှာတော့ အမှတ်ရဖွယ်ယှဉ်ပြိုင်ထိုးသတ်ပွဲတွေ အများကြီးရှိခဲ့ပါတယ်။ နောက်ဆုံး ထိုးသတ်ခဲ့တဲ့ အမှတ်ရစရာပွဲကတော့ ဖိလစ်ပိုင်လက်ဝှေ့အကျော်အမော် ပက်ကွီအိုနဲ့ပွဲပါပဲ။ မေဝယ်သာနဲ့ပက်ကွီအိုတို့ရဲ့ ပွဲဖြစ်မြောက်ဖို့ ကာလရှည် စေ့စပ်ညှိနှိုင်းခဲ့ရတဲ့အတွက် ရာစုနှစ်ရဲ့အကြီးကျယ်ဆုံးပွဲအဖြစ် တင်စားခဲ့ကြပေမယ့်လည်း မျှော်လင့်ထားတဲ့အတိုင်း ပွဲကောင်းတစ်ပွဲ ဖြစ်မလာခဲ့ပါဘူး။ ပက်ကွီအိုက တိုက်စစ်အားပြုခဲ့ပေမယ့် သူ့ရဲ့ ထိုးချက်တွေအနက် ၁၉ ရာခိုင်နှုန်းပဲ ပစ်မှတ်ကို ထိခဲ့တယ်။ မေဝယ်သာကို ဒိုင်တွေက တညီတညွတ်တည်း အနိုင်ပေးခဲ့ကြပေမယ့်လည်း ပရိသတ်မမေ့နိုင်တဲ့ ပွဲမျိုးတော့မဖြစ်ခဲ့ပါဘူး။

မေဝယ်သာရဲ့ဘဝမှာ ခက်ခက်ခဲခဲ ထိုးသတ်ခဲ့ရသူတွေအဖြစ် လူးဝစ်ကက်စ်တီလို( ၂၀၀၂)၊ မားကို့စ် မိုင်ဒါနာ( ၂၀၁၃)၊ ဒယ်လာဟိုရာ ( ၂၀၀၇)၊ မီဂွယ်ကော့တို(၂၀၁၂)၊ ဂျီးဆပ်ချာဗက်စ်( ၂၀၀၁)၊ ကားလို့စ်ဟာနန်ဒက်( ၂၀၀၁)၊ အော်ဂတ်စ်စတပ်( ၂၀၀၀)၊ ဂျူးဒတ်ရှို(၂၀၀၆)၊ ကက်စ်တီလို ၂ (၂၀၀၂)၊ ဒီမားကပ်စ်ကော်လေး (၂၀၀၄)တို့ကို မီဒီယာတွေက သုံးသပ်ဖော်ပြကြတယ်။ မေဝယ်သာကတော့ လက်ဝှေ့ကြိုးဝိုင်းထဲကနေ ထာဝရထွက်ခွာသွားပါပြီ။ လက်ရှိမျိုးဆက်ရဲ့ အောင်မြင်မှုအရဆုံး လက်ဝှေ့သမားတစ်ယောက်ကို ဆုံးရှုံးလိုက်ရတာပါ။ ဒါပေမဲ့ မေဝယ်သာရဲ့ ရှုံးပွဲလုံးဝမရှိခဲ့တဲ့ အောင်မြင်မှုတွေ၊ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပုံတွေက လက်ဝှေ့သမိုင်းကြောင်းမှာ စွဲထင်ကျန်ရစ်ခဲ့မှာ အသေအချာပါပဲ။

■



# ဘယ်အသင်းတွေ တန်းတင်ကျန်ရစ်မလဲ

ကျော်ဇင်ထွဋ်

## မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၂၂) ပွဲကြိုခန့်မှန်းချက်

*မြန်မာနေရှင်နယ်လိဂ် နောက်ဆုံးပွဲစဉ်ကတော့ တန်းဆင်းဇုန်တိုက်ပွဲကို ကျော်ဖြတ်ရမယ့် အသင်း ၃သင်းရဲ့ ပွဲစဉ် ၃ပွဲက စိတ်ဝင်စားစရာအကောင်းဆုံးနဲ့ အဆုံးအဖြတ်ပွဲစဉ်တွေ ဖြစ်လာတော့မှာပါ။ မနောမြေကအဝေးကွင်းမှာ ရတနာပုံနဲ့ ပွဲကျပ်ရင်ဆိုင်ရမှာဖြစ်လို့ ရခိုင်ကလည်း ကမ္ဘောဇကိုကျော်ဖြတ်ဖို့လိုနေပါတယ်။*

### ရခိုင် VS ကမ္ဘောဇ

ပထမအကျော့တွေ့ဆုံမှု

ကမ္ဘောဇ ၃-၀ ရခိုင်

နောက်ဆုံး ၂ပွဲဆက် ရှုံးနိမ့်ခဲ့တာကြောင့် တန်းဆင်းဇုန်ထဲရောက်နေတဲ့ ရခိုင်ယူနိုက်တက် အဖို့ ဒီပွဲကို မဖြစ်မနေနိုင်မှသာ တန်းမဆင်းရဖို့ မျှော်လင့်ချက်ရှိမှာပါ။ ကမ္ဘောဇကတော့ ဒီရာသီ ရန်ကုန်မြေမှာ ကစားတဲ့ပွဲစဉ်တွေမှာ ရလဒ် မကောင်းတာမို့ ရခိုင်အနိုင်ရမှာပါ။

### ရန်ကုန် VS ချင်း

ပထမအကျော့တွေ့ဆုံမှု

ချင်း ၀-၂ ရန်ကုန်

ရန်ကုန်က ချန်ပီယံဆုရရှိသွားခဲ့ပြီး ချင်းကလည်း တန်းမဆင်းရဖို့ သေချာသွားပြီမို့ အခုပွဲက မှတ်တမ်းအဖြစ်သာ ကစားတော့မှာပါ။ ဇွဲကပင်နဲ့ပွဲစဉ်မှာ ရန်ကုန်က သန်းပိုင်၊ သီဟထက်အောင်တို့လူစားဝင်ပြီး ခြေစွမ်းပြသွားခဲ့ပါတယ်။ အိမ်ကွင်းနောက်ဆုံးပွဲမှာ ရန်ကုန်အနိုင်ရလဒ်ယူမှာပါ။

### ရောဝတီ VS ဇေယျာရွှေမြေ

ပထမအကျော့တွေ့ဆုံမှု

ဇေယျာရွှေမြေ ၀-၂ ရောဝတီ

ရောဝတီက အိမ်ကွင်းမှာ ဒီရာသီရှုံးပွဲတစ်ပွဲသာ ရှိထားပေမယ့် ဇေယျာရွှေမြေကတော့ အဝေးကွင်းမှာ နိုင်ပွဲလုံးဝမရှိသေးပါဘူး။ နှစ်သင်းစလုံး အရန်ကစားသမားအများစုနဲ့ပွဲထွက်လာဖို့ ရှိနေပါတယ်။ အိမ်ကွင်းနောက်ဆုံးနှုတ်ဆက်ပွဲမှာ ရောဝတီ အနိုင်ရလဒ်နဲ့ သိမ်းမှာပါ။

### မကွေး VS ဇွဲကပင်

ပထမအကျော့တွေ့ဆုံမှု

ဇွဲကပင် ၁-၂ မကွေး



အမှတ်ပေးဇယားမှာအဆင့်-၃အတွင်းရပ်တည်ဖို့ မျှော်လင့်ချက်နဲ့ မကွေးလက်ကျန်ပွဲစဉ်တွေကို အားကုန်ကစားနေပါတယ်။ ဇွဲကပင်ကလည်း တန်းမဆင်းဖို့ သေချာသွားပေမယ့် အသင်းသမိုင်းမှာ ရပ်တည်မှုအမြင့်ဆုံးရရှိအောင် ကြိုးစားမှာပါ။ သရေရလဒ်ထွက်ပေါ်နိုင်ပါတယ်။

### ရတနာပုံ VS မနောမြေ

ပထမအကျော့တွေ့ဆုံမှု

မနောမြေ ၁-၂ ရတနာပုံ

ရခိုင်နဲ့ပွဲစဉ်မှာ ဂိုးပြတ်အနိုင်ရခဲ့ပေမယ့် ဒုတိယပိုင်း ကစားအားကျသွားခဲ့တာကြောင့် ရတနာပုံပေးဂိုးတွေ ခွင့်ပြုခဲ့ရပါတယ်။ မနောမြေကလည်း အခုပွဲအနိုင်ရရင် တန်းဆင်းဇုန်က လွတ်မြောက်မှာပါ။ အိမ်ကွင်းနောက်ဆုံးပွဲမှာ ရတနာပုံ အနိုင်နဲ့အဆုံးသတ်မှာပါ။

### နေပြည်တော် VS ဟံသာဝတီ

ပထမအကျော့တွေ့ဆုံမှု

ဟံသာဝတီ ၂-၂ နေပြည်တော်

နောက်ဆုံး ၅ပွဲဆက် နိုင်ပွဲပျောက်ခဲ့တာကြောင့်အမှတ်ပေးဇယားအောက်ခြေကိုရောက်နေတဲ့နေပြည်တော် တန်းတင်ကျန်ဖို့ မသေချာတော့ပါဘူး။ ဟံသာဝတီကတော့ ကမ္ဘောဇကို ရှုံးနိမ့်ခဲ့ပေမယ့် တန်းမဆင်းရဖို့ သေချာသွားပါပြီ။ နေပြည်တော် အနိုင်ရလဒ်ယူမှာပါ။

### ပွဲစဉ်(၂၁)အပြီး ရပ်တည်မှု

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | ရန်ကုန် | ၂၁ | ၁၆ | ၃ | ၂ | ၅၆ | ၂၆ | ၅၁ |
| ၂ | ရတနာပုံ | ၂၁ | ၁၃ | ၄ | ၄ | ၅၀ | ၃၀ | ၄၃ |
| ၃ | မကွေး | ၂၀ | ၁၀ | ၈ | ၂ | ၃၈ | ၂၁ | ၃၈ |
| ၄ | ကမ္ဘောဇ | ၂၁ | ၁၀ | ၅ | ၆ | ၃၆ | ၃၁ | ၃၅ |
| ၅ | ရောဝတီ | ၂၀ | ၁၀ | ၅ | ၅ | ၃၄ | ၂၅ | ၃၄ |
| ၆ | ဇွဲကပင် | ၂၁ | ၇ | ၃ | ၁၁ | ၂၅ | ၃၄ | ၂၄ |
| ၇ | ချင်း | ၂၁ | ၆ | ၅ | ၁၀ | ၂၂ | ၂၈ | ၂၃ |
| ၈ | ဇေယျာရွှေမြေ | ၂၁ | ၅ | ၇ | ၉ | ၂၈ | ၃၇ | ၂၂ |
| ၉ | ဟံသာဝတီ | ၂၁ | ၄ | ၉ | ၈ | ၂၃ | ၂၅ | ၂၁ |
| ၁၀ | မနောမြေ | ၂၁ | ၅ | ၅ | ၁၂ | ၂၁ | ၃၈ | ၂၀ |
| ၁၁ | ရခိုင် | ၂၁ | ၅ | ၃ | ၁၃ | ၂၄ | ၄၅ | ၁၈ |
| ၁၂ | နေပြည်တော် | ၂၁ | ၄ | ၅ | ၁၂ | ၂၂ | ၄၀ | ၁၇ |

### ဂိုးအများဆုံးသွင်းသူများ

| | | |
|---|---|---|
| ဆီဇာ | (ရန်ကုန်) | ၂၃ ဂိုး |
| ကျော်ကိုကို | (ရန်ကုန်) | ၁၂ ဂိုး |
| စိုးမင်းနိုင် | (မကွေး) | ၁၁ ဂိုး |
| ဆွမ်လန်မန် | (ချင်း) | ၁၁ ဂိုး |
| ကိဘ် | (ရတနာပုံ) | ၁၀ ဂိုး |
| ရစ္စတီ | (ရောဝတီ) | ၁၀ ဂိုး |
| ဖိုလန် | (ကမ္ဘောဇ) | ၉ ဂိုး |
| ဆီလာ | (မကွေး) | ၈ ဂိုး |
| ကျော်ဇေယျာဝင်း | (ကမ္ဘောဇ) | ၇ ဂိုး |
| ဇစ်ကိုဗစ် | (ဇွဲကပင်) | ၇ ဂိုး |
| မက်သယူး | (ချင်း) | ၇ ဂိုး |
| အီမာဆင် | (ရန်ကုန်) | ၆ ဂိုး |

## မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် (၂၁)အပြီးတွင် ဟံသာဝတီ၊ ဇေယျာရွှေမြေ၊ ချင်းတို့ တန်းတင်ကျန်ရစ်

မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် (၂၁) ကို အောက်တိုဘာလ ၂၄ရက်နှင့် ၂၅ ရက်တို့တွင် ဆက်လက်ကျင်းပခဲ့ရာ တန်းဆင်းဇုန်တစ်ဝိုက်တွင် ရုန်းကန်နေရသော အသင်းများဖြစ်သည့် ချင်းယူနိုက်တက်၊ ဇေယျာရွှေမြေနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့မှာ တန်းတင်ကျန်ရစ်ရန် သေချာသွားခဲ့ပြီဖြစ်သည်။ အောက်တိုဘာ ၁၇ရက်က တောင်ကြီးမြို့တွင် ကျင်းပခဲ့သောပွဲစဉ်တွင် အိမ်ရှင်ကမ္ဘောဇအသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို ၃-၂ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ကမ္ဘောဇအတွက် အနိုင်ဂိုးကို ပွဲချိန်ပြီးဆုံးခါနီးတွင် ကွင်းလယ်လူကျော်ဂျီက သွင်းယူခဲ့ခြင်းဖြစ်သည်။



အောင်ဆန်းကွင်းတွင်ယှဉ်ပြိုင်ကစားခဲ့သည့် ချင်းယူနိုက်တက်နှင့် ဇေယျာရွှေမြေတို့ပွဲစဉ်တွင် တစ်ဖက် ၂ဂိုးစီ သရေကျသွားခဲ့ပြီး နှစ်သင်းစလုံးမှာ တန်းဆင်းဇုန်မှ လွတ်မြောက်သွားခဲ့ပြီဖြစ်သည်။ သုဝဏ္ဏကွင်းပွဲစဉ်တွင် ရတနာပုံက ရခိုင်ယူနိုက်တက်ကို ၅-၂ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲတွင် ရှုံးနိမ့်ခဲ့သဖြင့် ရခိုင်ယူနိုက်တက်အသင်းသည် နောက်ဆုံးပွဲစဉ်ကို မဖြစ်မနေအနိုင်ရရှိမှသာ တန်းတင်ကျန်ရစ်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်သည်။ နေပြည်တော်ပေါင်းလောင်းကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သော နေပြည်တော်နှင့် မကွေးတို့ပွဲစဉ်၌ မကွေးအသင်းက ၄-၁ဂိုးဖြင့်အနိုင်ရရှိသွားရာ နေပြည်တော်အသင်းအနေဖြင့် တန်းဆင်းရန် ပိုမိုနီးစပ်သွားခဲ့ပြီဖြစ်သည်။ အောက်တိုဘာ ၂၅ရက်တွင်ယှဉ်ပြိုင်ခဲ့သော ဇွဲကပင်နှင့် ရန်ကုန်ယူနိုက်တက်တို့ပွဲစဉ်တွင် တစ်ဖက် ၂ ဂိုးစီဖြင့် သရေကျသွားခဲ့သည်။ ဇွဲကပင်အသင်းအတွက် စိုင်းမင်းထွန်းနှင့် သိန်းဇော်တို့က ဂိုးသွင်းယူခဲ့ပြီး ရန်ကုန်ယူနိုက်တက်အတွက် ကျော်ကိုကိုနှင့် သန်းပိုင်တို့က ပြန်လည်ချေပခဲ့သည်။ မနောမြေနှင့် ရောဝတီတို့ပွဲစဉ်တွင် မနောမြေက ၃-၂ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ မနောမြေအသင်းသည် ယခုကဲ့သို့အနိုင်ရရှိခဲ့သဖြင့် တန်းဆင်းဇုန်မှလွတ်မြောက်ရန် မျှော်လင့်ချက်ရှိသွားပြီး နောက်ဆုံးပွဲစဉ်တွင် ရတနာပုံကိုအနိုင်ကစားရမည်ဖြစ်သည်။ ■

### ဗိုလ်ချုပ်အောင်ဆန်းဒိုင်းချန်ပီယံ ရောဝတီယူနိုက်တက်အသင်းအား ဂုဏ်ပြုပွဲပြုလုပ်

၂၀၁၅ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောရောဝတီယူနိုက်တက်အသင်းအား ဂုဏ်ပြုပွဲတစ်ရပ်ကို အောက်တိုဘာ ၂၆ရက်တွင် ပုသိမ်မြို့၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။ ရောဝတီယူနိုက်တက်အသင်းသည် ရန်ကုန်မြို့မှ ပုသိမ်မြို့သို့သွားရောက်စဉ် လမ်းတစ်လျှောက်ရှိ မြို့များမှ ပရိသတ်များက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြကြောင်း သိရသည်။ ရောဝတီယူနိုက်တက်အသင်းသည် မြန်မာနေရှင်နယ်လိဂ် စတင်ထူထောင်ခဲ့ပြီးနောက် ရှုံးထွက်ချန်ပီယံဆုကို ၃ကြိမ်အထိ ရရှိထားသောအသင်းဖြစ်သည်။ ■

# ယူအက်စ်ဂရင်းပရီဖော်မြူလာဝမ်းပြိုင်ပွဲတွင် ဟာမီလ်တန်အနိုင်ရဗိုလ်စွဲ

## ဟာမီလ်တန်အတွက် တတိယအကြိမ်မြောက် ကမ္ဘာ့ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်

ဗြိတိန်ဖော်မြူလာဝမ်း ကားမောင်းချန်ပီယံလူးဝစ်ဟာမီလ်တန်သည် ယူအက်စ်ဂရင်းပရီပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ပြီးနောက် ၎င်းအတွက် တတိယအကြိမ်မြောက် ကမ္ဘာ့ချန်ပီယံဘွဲ့ကို ဆွတ်ခူးရရှိခဲ့သည်ဟု သိရသည်။ အသက် ၃၀ အရွယ်ရှိဟာမီလ်တန်သည် ယူအက်စ်ဂရင်းပရီပြိုင်ပွဲတွင် မာစီးဒီးစ်အသင်းဖော်နီကိုရို့စ်ဘတ်၊ ဖာရာရီအသင်းသား ဆီဘက်စတီယန်ဗက်တယ်တို့ကို ကျော်ဖြတ်ကာ အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဟာမီလ်တန်အနေဖြင့် ဖော်မြူလာဝမ်းကားမောင်းသမား ကမ္ဘာ့ချန်ပီယံဆုကို တတိယအကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းလည်းဖြစ်ပြီး ဂျက်ကယ်စတီးဝပ်ပြီးနောက် အဆိုပါအောင်မြင်မှုကိုနောက်ထပ်ရရှိခဲ့သည့် ဗြိတိန်သားလည်းဖြစ်လာခဲ့သည်။ ဟာမီလ်တန်မှာ ကမ္ဘာ့ချန်ပီယံဆု ဆွတ်ခူးနိုင်မှုသမိုင်းတွင် အဆင့် ၄နေရာသို့ ရောက်ရှိလာခဲ့ပြီး သူ၏အထက်တွင် မိုက်ကယ်ရှူးမေကာ( ၇ ကြိမ်)၊ ဂျူအန်ဖန်ဂီယို (၅ ကြိမ်)၊ အလိန်းပရော့စ်( ၄ ကြိမ်)၊ ဆီဘက်စတီယန်ဗက်တယ်(၄ ကြိမ်)တို့သာ ရပ်တည်နိုင်ခဲ့သည်။ " ကျွန်တော့်ဘဝရဲ့အကြီးကျယ်ဆုံးအချိန်ကာလတစ်ခုပါပဲ။ ခင်ဗျားတို့ကို တကယ်ပဲကျေးဇူးတင်ပါတယ်။ ကျွန်တော့်ရဲ့မိသားစု၊ ကျွန်တော့်ကို အားပေးထောက်ခံခဲ့ကြသူအားလုံးကို ကျေးဇူးတင်ပါတယ်။ တကယ်ကိုအံ့ဩဖို့ကောင်းပါတယ်။ ဘယ်လိုခံစားနေရတယ်ဆိုတာကို ထုတ်ပြောဖို့ စကားလုံးတောင်ရှာမရပါဘူး"ဟု ၎င်းကိုမေးမြန်းခဲ့သည့် အဆိုတော်အယ်လ်တန်ဂျွန်ကို ဟာမီလ်တန်က ပြောဆိုသွားခဲ့သည်။ ဗြိတိန်ကားမောင်းသမားဟောင်း ဂျက်ကယ်စတီးဝပ်က ဟာမီလ်တန်အနေဖြင့် မိမိ၏စံချိန်ကိုရင်ပေါင်တန်းနိုင်ခဲ့ပြီးနောက် ကမ္ဘာ့ချန်ပီယံဆုများကို အကြိမ်ပေါင်းများစွာ ထပ်မံရယူနိုင်သေးသည်ဟု ထောက်ခံပြောဆိုခဲ့သည်။ ဟာမီလ်တန်ကိုဂုဏ်ပြုလိုကြောင်း၊ နောက်ထပ်စံချိန်များကို ချိုးဖျက်နိုင်ဦးမည်ဖြစ်ကြောင်း အသက် ၇၆ နှစ်ရှိပြီဖြစ်သည့် ဂျက်ကယ်စတီးဝပ်က ပြောဆိုခဲ့သည်။



## ဟာမီလ်တန်နှင့်နီကိုရို့စ်ဘတ်တို့အဆင်မပြေဖြစ်ခဲ့

ယူအက်စ်ဂရင်းပရီပြိုင်ပွဲတွင် ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသော မာစီးဒီးစ်အသင်းသား နီကိုရို့စ်ဘတ်သည် အသင်းဖော် ဟာမီလ်တန်အပေါ် ဒေါသထွက်ကာ ဝေဖန်ပြောဆိုမှုများ ပြုလုပ်ခဲ့သည်ဟု သိရသည်။ နီကိုရို့စ်ဘတ်သည် ယူအက်စ်ဂရင်းပရီပြိုင်ပွဲကနဦးပိုင်းအချိန်များတွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သော်လည်း ပြေးလမ်းကုန်ဆုံးရန် ၈ ပတ်သာလိုတော့သည့်အချိန်၌ အမှားအယွင်းများ ပြုလုပ်မိကာချန်ပီယံဘွဲ့နှင့် ကင်းဝေးခဲ့ရခြင်းဖြစ်သည်။ " လူးဝစ်က ဒီနေ့ပွဲမှာ အလောတကြီးဖြစ်နေခဲ့တယ်။ တကယ်ကိုအလောတကြီးဖြစ်နေခဲ့တာပါ။ ကျွန်တော်တို့အချင်းချင်း တစ်ယောက်ကိုတစ်ယောက်တိုက်မိခဲ့တယ်"ဟု နီကိုရို့စ်ဘတ်ကဆိုခဲ့သည်။ ကားမောင်းသမားများအတွက်နားနေခန်းအတွင်း ပီရယ်လီတံဆိပ်ဦးထုပ်ကို ဟာမီလ်တန်က နီကိုရို့စ်ဘတ်အားပစ်ပေးခဲ့ရာ နီကိုကပြန်လည်ပစ်ပေါက်ခဲ့ပြီး စင်မြင့်ထက်တွင်ဟာမီလ်တန်ကို လက်ဆွဲနှုတ်ဆက်ခဲ့ခြင်းမရှိဟု သိရသည်။

## လင်ဆေးဗွန်း လေ့ကျင့်ခန်းပြန်ဆင်းနိုင်ပြီ

ခြေချင်းဝတ်အရိုးကျိုးဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် စကိတ်စီးလေ့ကျင့်ခန်းများ ပြန်လည်ပြုလုပ်နိုင်ခဲ့ခြင်းအတွက် ကျေနပ်မိသည်ဟု အမေရိကန်နှင်းလျှောစီးမယ် လင်ဆေးဗွန်းက ဖွင့်ဟပြောဆိုသည်။ လင်ဆေးဗွန်းသည် လွန်ခဲ့သော သီတင်းပတ် ၁၀ ပတ်ခန့်က ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင် လေ့ကျင့်ခန်းများပြန်ဆင်းနိုင်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ဖလားနှင်းလျှောစီးရာသီစတင်ခါနီးတွင် လင်ဆေးဗွန်း ပြန်လည်လေ့ကျင့်နိုင်ခဲ့ခြင်းဖြစ်ပြီး ရေခဲတောင်ပေါ်တွင် အစမ်းနှင်းလျှောစီးမှု ၈ ကြိမ် ပြုလုပ်နိုင်ခဲ့သည်။ " ခြေချင်းဝတ်က ဘယ်လိုနာကျင်မှုမှ မခံစားခဲ့ရပါဘူး။ ကျွန်မမျှော်လင့်ထားတာထက် ပိုကောင်းလာခဲ့ပါတယ်။ ပထမဆုံးနှင်းလျှောစီးလိုက်ရတဲ့ခံစားမှုက ကြောက်စရာပါပဲ။ နည်းနည်းတော့ အသားကျဖို့လိုသေးတယ်လို့ထင်ပါတယ်" ဟုလင်ဆေးဗွန်းက ပြောဆိုသည်။ လင်ဆေးဗွန်းသည် ကမ္ဘာ့ဖလားတွင် နိုင်ပွဲအများဆုံးရစံချိန် စိုက်ထူထားသည်။

# ၂၀၁၆ အိုလံပစ်မတိုင်မီတွင် ပညာရေးပြီးဆုံးရန် စမစ်ကြိုးပမ်းသွားမည်

## ပညာရေးနှင့်အားကစားမှာအပြန်အလှန်အထောက်အကူဖြစ်စေသည်ဟု ဖွင့်ဟပြောဆို

ဘရာဇီးနိုင်ငံတွင် ကျင်းပမည့် ၂၀၁၆ အိုလံပစ်ပြိုင်ပွဲများအတွက် လေ့ကျင့်နေချိန်တွင်ဘွဲ့ရသည်အထိ ပညာဆက်လက်သင်ကြားသွားမည်ဖြစ်ကြောင်း ဗြိတိသျှတာတိုအပြေးမယ် ဒီနာအက်ရှာစမစ်က ဖွင့်ဟပြောဆိုသည်။ အသက် ၁၉နှစ်အရွယ်ရှိ အက်ရှာစမစ်သည် လန်ဒန်မြို့မှ ကင်းကောလိပ်တွင် ပညာသင်ကြားနေပြီး နောက်ဆုံးနှစ်သို့ ရောက်ရှိနေသည်။ ၂၀၁၆ အိုလံပစ်ပြိုင်ပွဲများကို ရီယိုဒီဂျနေးရိုးတွင် ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲအတွက် လေ့ကျင့်နေစဉ် ဘွဲ့ဒီဂရီရရှိအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အက်ရှာစမစ်ကပြောဆိုခဲ့သည်။ " ဒီဂရီရဖို့တစ်နှစ်သာ လိုတော့တဲ့အချိန်မှာ ပညာရေးကို ရွှေ့ဆိုင်းထားဖို့ကို ကျွန်မလုံးဝမစဉ်းစားထားပါဘူး။ ပညာရေးက အားကစားနဲ့ထပ်တူ ကျွန်မဘဝအတွက် အရေးကြီးပါတယ်။ ဒါကြောင့် ပညာဆက်သင်ဖို့ကို စောင့်ဆိုင်းဖို့အကြောင်းက ခေါင်းထဲကို ရောက်မလာပါဘူး။ အပြေးအားကစားပြီးရင် ဒီအရာကအရေးကြီးဆုံးပါပဲ။ ဒီအရာနှစ်ခုက အပြန်အလှန်ကူညီပေးနိုင်ကြတယ်။ အက်ဆေးတစ်ပုဒ်ရေးဖို့စဉ်းစားမရရင် လေ့ကျင့်လိုက်တာကအထောက်အကူဖြစ်စေတယ်။ ပြေးပွဲတွေမှာရလဒ်မကောင်းရင်လည်းဒီအတိုင်းပါပဲ"ဟု စမစ်ကဆိုခဲ့သည်။




## SHORT NEWS

- မီလန်မြို့တွင် ကျင်းပခဲ့သော ဥရောပဂီတဆုပေးပွဲတွင် ကမ္ဘာ့နံပါတ်တစ် တင်းနစ်သမားဂျိုကိုဗစ်က တင်ဆက်သူအဖြစ်တာဝန်ယူခဲ့ပြီး အကောင်းဆုံးဟစ်ဟော့အနုပညာရှင်ဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။
- ဗြိတိန်မသန်စွမ်းအားကစားမယ် ဟာမီတိတ်ချ်သည် ဒိုဟာမသန်စွမ်းအားကစားပြိုင်ပွဲ မီတာ ၄၀၀ ပြေးပွဲတွင် ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့သည်။

### စင်ကာပူတွင်ရှာရာပိုဗာ အနိုင်ရလဒ်နှင့်တာထွက်လှပ

စင်ကာပူနိုင်ငံတွင် ကျင်းပနေသည့် ဒဗလျူတီအေဗိုလ်လုပွဲစဉ်များ၏ ပထမနေ့ပွဲတွင် ရုရှားမှရှာရာပိုဗာက ပိုလန်မှရက်ဝမ်စကာကို ၄-၆၊ ၆-၃၊ ၆-၄ ဖြင့်အနိုင်ရကာနောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ ရှာရာပိုဗာသည် ဒဏ်ရာကြောင့် ၃ လတာအနားယူနေခဲ့ရပြီး ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်သည့်ပွဲတွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရှာရာပိုဗာသည် ဝင်ဘယ်ဒန်ချန်ပီယံရှစ်ပြိုင်ပွဲနောက်ပိုင်း ခြေထောက်၊ လက်မောင်းဒဏ်ရာတို့ဖြင့် ရုန်းကန်နေခဲ့ရသူဖြစ်သည်။ သူမဘဝတွင် အကောင်းဆုံးလက်စွမ်းမဟုတ်သော်လည်း ဇူလိုင်လနောက်ပိုင်းတွင် အကောင်းဆုံးစွမ်းဆောင်ရည်ဖြစ်ခဲ့ကြောင်း၊ မည်မျှအောင်မြင်မည်ဟု မပြောနိုင်သေးကြောင်း ရှာရာပိုဗာကဖွင့်ဟခဲ့သည်။

### ရပ်ဘီကမ္ဘာ့ဖလားဗိုလ်လုပွဲသို့ သြစတြေးလျတက်ရောက်

၂၀၁၅ ရပ်ဘီကမ္ဘာ့ဖလားဆီမီးဖိုင်နယ်ပွဲစဉ်တွင် သြစတြေးလျအသင်းက အာဂျင်တီးနားအသင်းကို ၂၉-၁၅ ဖြင့်အနိုင်ရကာ ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည်ဟု သိရှိရသည်။ သြစတြေးလျအသင်းသည် အာဂျင်တီးနားအသင်း၏ဦးဆောင်မှုကို လိုက်လံချေဖျက်ပြီး ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ အာဂျင်တီးနားအသင်းကို နာမည်ကျော်ဘောလုံးသမားဟောင်း မာရာဒိုနာလာရောက်အားပေးခဲ့ပြီး ဒုတိယပိုင်းတွင် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ တစ်ဖက်ဆီမီးဖိုင်နယ်ပွဲစဉ်တွင် နယူးဇီလန်က တောင်အာဖရိကကို အနိုင်ရကာ ဗိုလ်လုပွဲ၌ သြစတြေးလျနှင့်ဆုံတွေ့နေသည်။ ဗိုလ်လုပွဲကို အောက်တိုဘာ ၃၀ တွင်ကျင်းပမည်ဖြစ်သည်။

## တစ်ဘဝလုံးလေ့ကျင့်ခဲ့တဲ့ မဟာအမျိုးသမီးဝါဒီ



ယူအက်ဖ်စီကြယ်ပွင့် ရွန်ဒါရိုဆေးဟာ တိုက်ခိုက်ရေးပညာမှာ လက်သံပြောင်တယ်။ ဒါ့အပြင် အမျိုးသမီးတွေအနေနဲ့ အမျိုးသားတွေနဲ့ တန်းတူအခွင့်အရေးရဖို့ဆိုတဲ့ အမျိုးသမီးဝါဒထောက်ခံအားပေးသူတွေထဲမှာ အထင်ရှားဆုံးလို့ဆိုနိုင်မှာပါ။ ရွန်ဒါဟာ မဟာအမျိုးသမီးဝါဒီတစ်ယောက်ဆိုတာကို ဆဲလ့်ဖ်မဂ္ဂဇင်းနဲ့ အင်တာဗျူးမှာ ပွင့်ပွင့်လင်းလင်းပဲ ဖွင့်ဟပြောဆိုခဲ့ပါတယ်။ "ချန်ပီယံတစ်ယောက်ရဲ့ရှေ့မှာ အမျိုးသမီးနာမည်ရှိနေတာမျိုးကို ကျွန်မမလိုလားပါဘူး။ ကျွန်မရဲ့အမည်ကို မိုက်တိုင်စန်၊ မိုဟာမက်အလီတို့နဲ့အတူ တန်းတူ ဖော်ပြတာမျိုးပဲလိုချင်ပါတယ်"လို့ ရွန်ဒါကဖွင့်ဟပါတယ်။ သူမဟာငယ်စဉ်ကတည်းက လေ့ကျင့်မှုကိုသာ တစိုက်မတ်မတ်လုပ်ခဲ့ကြောင်း၊ ကပွဲလည်းမသွား၊ ရည်စားလည်းမထား၊ ဘာပွဲလမ်းသဘင်မှမသွားဘဲ တစ်ဘဝလုံးကို လေ့ကျင့်ခန်းတွေအတွက်သာ မြှပ်နှံထားတယ်လို့လည်း မာရှယ်အတ်ဘင်တန်ဝိတ်တန်းမှာ ရှုံးပွဲလုံးဝမရှိသေးတဲ့ ရွန်ဒါကအဲဒီအင်တာဗျူးမှာ ပြောဆိုခဲ့ပါတယ်။ ရွန်ဒါနဲ့ယှဉ်ပြိုင်တိုက်ခိုက်တဲ့ ပြိုင်ဘက်မှန်သမျှဟာ သူမကို ပထမအချီကျော်လွန်ပြီး တောင့်ခံနိုင်တာမျိုး မရှိခဲ့ပါဘူး။

## အာဆင်နယ်အသင်း အိမ်ကွင်းလက်မှတ်ခ ဈေးကြီးမှုကို ဆန္ဒပြခဲ့ကြတဲ့ ဘိုင်ယန်ပရိသတ်




အာဆင်နယ်နဲ့ ဘိုင်ယန်မြူးနစ်တို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်ကို ဘိုင်ယန်ပရိသတ်တွေ ကန့်ကွက်ဆန္ဒပြခဲ့ပုံက မီဒီယာတွေကြားမှာ ရေပန်းစားခဲ့ပါတယ်။ အာဆင်နယ်အသင်းရဲ့ အီးမရိတ်စ်ကွင်းက ကွင်းဝင်ကြေးဟာ ဥရောပကအသင်း ၂၂၇ သင်းအနက် ဝင်ကြေးအမြင့်ဆုံး ဖြစ်နေခဲ့တယ်။ ဒါကြောင့် ဘိုင်ယန်အသင်းအားပေးတဲ့ ပရိသတ်အဖွဲ့အစည်းတွေက အာဆင်နယ်နဲ့ပွဲမှာ ကွင်းဝင်ကြေးဈေးကြီးမှုကို ဆန္ဒပြမယ်လို့ ကြိုတင်အသိပေးခဲ့တယ်။ ပွဲကစားတော့လည်း ပွဲစလို့ ၅ မိနစ်အတွင်း သူတို့တွေဟာ ကွင်းထဲဝင်ရောက်လာခဲ့ခြင်းမရှိပါဘူး။ ပွဲတစ်ပွဲစတင်တဲ့အခါမှာ ပွဲကြည့်စင်ပေါ်မှာပရိသတ်မရှိတာက ဘောလုံးပွဲတစ်ပွဲရဲ့ ပုံရိပ်ကို ထိခိုက်စေပါလိမ့်မယ်လို့ သူတို့က ဆိုခဲ့ကြတယ်။ ပွဲစပြီး ၅ မိနစ်ကြာမှ ကွင်းထဲကို ဘိုင်ယန်ပရိသတ်တွေ ဝင်ရောက်လာခဲ့ကြပြီး အာဆင်နယ်ပရိသတ်တွေကလည်း လက်ခုပ်တီးဂုဏ်ပြုခဲ့ကြပါတယ်။ ဥရောပထိပ်တန်းလိဂ်တွေအနက် အာဆင်နယ်အသင်းရဲ့ အိမ်ကွင်းပွဲကြည့်လက်မှတ်ခက ၉၇ ပေါင်နဲ့အတူ ဈေးနှုန်းအကြီးဆုံးပါပဲ။

## မှားလည်းမှားတတ်တဲ့ ဘောလုံးပွဲတင်ဆက်သူ



BT Sport ရုပ်သံလိုင်းက ဘောလုံးပွဲတင်ဆက်သူ ပီတာဒရူရီရဲ့ အမှားကြောင့် ဒိုင်နမိုကီယက်ဗ်နဲ့ ချဲလ်ဆီးပွဲကို ရုပ်သံကကြည့်ရှုခဲ့သူတွေ စိတ်ပျက်ခဲ့ကြရပါတယ်။ အမှန်တော့ ချဲလ်ဆီးရဲ့ ပထမဂိုးသမား ကော့တွိုက်စ်က ဒူးဒဏ်ရာကြောင့် အနားယူနေရပြီး နောက်ပိုင်းပွဲစဉ်တွေမှာ ဘော့စနီးယားဂိုးသမား ဘီဂိုဗစ်ကသာ ချဲလ်ဆီးဂိုးပေါက်ဝကို တာဝန်ယူနေခဲ့တာပါ။ ဒါကို အိုင်တီဗီရဲ့ ဘောလုံးပွဲတင်ဆက်သူဟောင်း ပီတာဒရူရီ သတိမထားမိတာလားတော့ မဆိုနိုင်ပါဘူး။ ပွဲကိုတင်ဆင်နေရင်း ဘီဂိုဗစ်ရဲ့ အမည်အစား ကော့တွိုက်စ်ရဲ့အမည်ကိုသာ ထပ်တလဲလဲ ခေါ်ဆိုခဲ့ပါတယ်။ ဒီတော့ ပရိသတ်များစွာက ငွေကုန်ကြေးကြခံပြီး BT Sport ရုပ်သံလိုင်းကို ကြည့်ရှုတာ ပီတာဒရူရီရဲ့ တလွဲပြောဆိုမှုတွေကို နားထောင်ဖို့မဟုတ်ဘူးလို့ တွစ်တာမှာ မှတ်ချက်တွေ ရေးသားခဲ့ကြတယ်။ ဒီတော့မှ ဒရူရီလည်း ပရိသတ်တွေကို တောင်းပန်ခဲ့ရတယ်လို့ သိရပါတယ်။

## ဂန္ထဝင်တွေရဲ့အကြောင်းကိုဖတ်ပြီး ရှေ့ဆက်ဖို့အားမွေးမယ့် တယ်ရီ



ချန်ပီယံလိဂ်အဝေးကွင်းပွဲစဉ်အဖြစ် ဒိုင်နမိုကီယက်ဗ်နဲ့ ကစားပြီးနောက် အင်္ဂလန်ကိုပြန်လာတဲ့ ချဲလ်ဆီးနောက်ခံလူ တယ်ရီကို လီဗာပူးအသင်းခေါင်းဆောင်ဟောင်း ဂျာရတ်ရဲ့ အတ္ထုပ္ပတ္တိစာအုပ်နဲ့အတူ တွေ့မြင်ခဲ့ရပါတယ်။ ဂျာရတ်ရဲ့စာအုပ်ကိုအလယ်မှာ ချထားပြီး အသင်းဖော် ကာဟေးလ်နဲ့ လေယာဉ်ပေါ်မှာ အတူထိုင်နေတဲ့ပုံကို အင်စတာဂရမ်မှာ တယ်ရီတင်ခဲ့တာပါ။ ဖာဂူဆန်ရဲ့ စာအုပ်နဲ့တွဲပြီးတော့လည်း ဒီလို ဂန္ထဝင်နှစ်ယောက်ရဲ့အကြောင်းကို ဖတ်ရှုပြီး ရှေ့ဆက်နိုင်ဖို့ အားယူရတယ်လို့လည်း တယ်ရီကအင်စတာဂရမ်မှာ ရေးသားခဲ့ပါသေးတယ်။ လူလိမ္မာတို့မည်သည် သူတစ်ပါးအမှားမှ သင်ခန်းစာ ယူအပ်၏ဆိုတဲ့စကားကို တယ်ရီနားလည်သွားလို့လားတော့ မဆိုနိုင်ပါဘူး။




ခွန်းဆက်
စုစည်းတင်ပြသည်



## ကိုယ်အချစ်ဆုံးဟာမင်းပါ အီရီနာ

ရုရှားမော်ဒယ်နဲ့ဟောလီးဝုဒ်သရုပ်ဆောင် အီရီနာရှက်ဟာ ရီးရဲလ်ကြယ်ပွင့် ရော်နယ်ဒိုနဲ့ လမ်းခွဲပြီးတဲ့နောက် ဟောလီးဝုဒ်သရုပ်ဆောင် ဘရက်ဒလေကူးပါးနဲ့ ချစ်ကြိုးသွယ်ခဲ့ပါတယ်။ မေလကတည်းက သူတို့ နှစ်ယောက်ကို မခွဲတမ်းမြင်တွေ့ခဲ့ရပြီး အီရီနာရှက်တစ်ယောက် ဘရက်ဒလေကူးပါးနဲ့တွေ့မှ တော်တော်ကို စွဲစွဲလမ်းလမ်းဖြစ်နေပုံပါပဲ။ ချစ်လွန်းတော့လည်း သဝန်တိုတတ်တဲ့ မိန်းမတို့ရဲ့ ထုံးစံအတိုင်း ဘရက်ဒလေကူးပါးကို စိတ်မချနိုင်ဖြစ်နေပါသတဲ့။ ကူးပါးဟာ သူ့ရဲ့ဇာတ်ကားသစ်ဖြစ်တဲ့ Joy and OK ကို ရိုက်ကူးနေရာမှာ မင်းသမီး ဂျနီဖာလောရင့်စ်နဲ့ တပူးတွဲတွဲ



ဖြစ်နေတာကို အီရီနာရှက်သဝန်တိုနေခဲ့တာပါ။ သူတို့ နှစ်ယောက် အတူနေရတဲ့အချိန်များလာလေ အီရီနာရှက်ရဲ့ ဝန်တိုမှုရေချိန် မြင့်တက်လေ ဖြစ်လာတာကြောင့် နောက်ဆုံးမှာတော့ အီရီနာက ကူးပါးကိုစွပ်စွဲပြောဆိုမှုတွေ ပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။ "အီရီနာက ဘရက်ဒလေကူးပါးကို လုံးဝမယုံပါဘူး။ အီရီနာက ကူးပါးရဲ့ ထာဝရတစ်ယောက်တည်းသောသူ ဖြစ်ချင်နေတာပါ"လို့ အတွင်းသိတစ်ယောက်က ဖွင့်ဟတာကို အိုကေမဂ္ဂဇင်းကဖွင့်ချခဲ့ပါတယ်။ ဘရက်ဒလေကူးပါးကတော့ ဂျနီဖာလောရင့်စ်နဲ့ မိတ်ဆွေတွေ သက်သက်ပါဆိုပြီး အီရီနာကို ချော့မော့ခဲ့ရပါတယ်။ ကိုယ်အချစ်ဆုံးဟာ မင်းပဲဆိုတာမျိုးလည်း ပါကောင်းပါနိုင်တာပေါ့။ ဒါကြောင့်များ အီရီနာရှက်က နှစ်ဖက် ပေါင်းသင်းဆက်ဆံရေးမှာ အပြန်အလှန်လေးစားမြတ်နိုးမှုရှိဖို့ အရေးကြီးတယ်လို့ ဟယ်လိုမဂ္ဂဇင်းနဲ့ အင်တာဗျူးမှာ ရင်ဖွင့်ခဲ့တာများလားလို့ သံသယ ဝင်စရာပါပဲ။





# ပရီးမီးယားလိဂ်ရဲ့ ထိပ်တန်းဂိုးသွင်းရှင် ဂျေမီဗာဒီ



လက်ရှိပရီးမီးယားလိဂ်မှာ ပွဲစဉ် ၉ပြီးချိန်အထိ ဂိုးသွင်းအများဆုံးကစား သမားနေရာမှာ အံ့အားသင့်ဖွယ်ရပ် တည်နေတာကတော့ လက်စတာတိုက် စစ်မှူး ဂျေမီဗာဒီပဲဖြစ်ပါတယ်။ လက်ရှိ အချိန်မှာ ဗာဒီဟာ ပွဲစဉ် ၉အထိ ၉ဂိုး သွင်းယူထားနိုင် တဲ့ ကစားသမား ဖြစ်ပါတယ်။ လက်စတာ အသင်းကိုကိုယ် စားပြုပြီး ထိပ်တန်း တိုက်စစ်မှူးတွေဖြစ်တဲ့ အဂူရို၊ ရွန်နီ၊ ဆန်းချက်ဇ်၊ ဒီယေဂို ကော်စတာ၊ ဘန်တီကီတို့ကိုကျော်ဖြတ် ပြီး ရပ်တည်နေနိုင်တာကတော့ သူ့ရဲ့ ထူးခြားတဲ့ ဂိုးသွင်းစွမ်းဆောင်ရည် ကြောင့်ပါပဲ။

ဗာဒီရဲ့ ကစားသမားဘဝအစက တော့ ရှက်ဖီးဝင်းစဒေးအသင်းမှာဖြစ် ခဲ့ပြီး အဲဒီကနေ စတော့ဘရစ်ချ်ပတ် စတီးအသင်းကို ရောက်ရှိသွားခဲ့ပါ တယ်။ အဲဒီနောက် အင်္ဂလန်အောက် တန်းအသင်းတွေဖြစ်တဲ့ ဟာလီဖက်စ် တောင်း၊ ဖလိဝုဒ်တောင်းအသင်းတွေ မှာ ဆက်လက်ကစားခဲ့ရပြီး လက်စတာ အသင်းကို ၂၀၁၂ခုနှစ်မှာ ရောက်ရှိခဲ့ တာပါ။ ၂၀၁၂-၁၃နဲ့ ၂၀၁၃-၁၄ နှစ် ရာသီမှာ လက်စတာနဲ့အတူ ချန်ပီယံ ရှစ်မှာကစားခဲ့ရပြီး ၂၀၁၄-၁၅ရာသီမှာ တော့ ပရီးမီးယားလိဂ်ကို တန်းတက် ကစားခွင့်ရခဲ့ပါတယ်။ ၂၀၁၃-၁၄ရာသီမှာ ဗာဒီဟာ ချန်ပီယံရှစ် သွင်းဂိုး ၁၆ဂိုးသွင်းယူပြီး လက်စတာ ကစား သမားတွေက ရွေး ချယ်ပေးတဲ့ တစ် နှစ်တာအကောင်း ဆုံး ကစားသမား ဆုကိုရရှိခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၄- ၁၅ရာသီမှာ ဗာဒီ အနေနဲ့ အကောင်းဆုံး ခြေစွမ်းပြခဲ့တဲ့ ပွဲစဉ် ကတော့ မန်ယူနဲ့ အိမ် ကွင်းပွဲစဉ်ပဲ ဖြစ်ပါတယ်။ အဲဒီ ပွဲစဉ်မှာ လက်စတာက ၅-၃ဂိုးနဲ့ အနိုင်ရခဲ့ပြီး ဗာဒီအနေနဲ့ သူ့ရဲ့ ပရီးမီးယားလိဂ် ပထမဆုံးသွင်းဂိုးကို သွင်းယူနိုင်ခဲ့ပြီး ကျန်တဲ့ ၄ဂိုးစလုံးကို ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ၂၀၁၅ ဧပြီလ အတွက် ပရီးမီးယားလိဂ် တစ်လတာ အကောင်းဆုံးကစားသမားဆုအတွက် လည်း လျာထားခြင်းခံခဲ့ရပါတယ်။

အခု ၂၀၁၅-၁၆ဘောလုံးရာသီ မှာတော့ ဗာဒီဟာ အကောင်းဆုံးပုံမှန် ခြေစွမ်းကို ရရှိနေခဲ့ပြီး ပွဲစဉ် ၉အထိ ပွဲစဉ် ၆ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့ တာကြောင့် ၇ပွဲဆက်တိုက်သာ ဂိုး သွင်းယူ နိုင်ခဲ့ ရင် နစ္စတယ်ရိုင်း၊ အွန်နရီ၊ အလန် ရှီးယား၊ အဒီဘာယော၊ စတားရစ်ချ် စတဲ့ကစား သမားတွေနဲ့အတူ ပရီး မီးယားလိဂ် ၇ပွဲဆက်တိုက်ဂိုး သွင်းယူနိုင်တဲ့အဌမမြောက်ကစားသမား

| ဗာဒီ၏ကိုယ်ရေးမှတ်တမ်း | | |
|---|---|---|
| အမည်အပြည့်အစုံ | - | ဂျေမီရစ်ချ်ပ်ဗာဒီ |
| မွေးနေ့ | - | ၁၁-၁-၁၉၈၇(၂၈နှစ်) |
| မွေးရပ် | - | ရှက်ဖီး (အင်္ဂလန်) |
| အရပ် | - | ၅ ပေ ၁၀ လက်မ (၁. ၇၈မီတာ) |
| ကစားသည့်နေရာ | - | တိုက်စစ်မှူး |
| လက်ရှိအသင်း | - | လက်စတာ(၂၀၁၂မှယခုအထိ)(၁၀၆ပွဲ-၃၄ဂိုး) |
| ကျောနံပါတ် | - | ၉ |
| နိုင်ငံလက်ရွေးစင် | - | အင်္ဂလန်(၄ပွဲ - ၀ဂိုး) |

ဖြစ်လာတော့မှာပါ။

ဗာဒီဟာ အင်္ဂလန်လက်ရွေးစင် အဖြစ် အခုနှစ် မေလမှာ ယှဉ်ပြိုင် ကစားခဲ့တဲ့ အိုင်ယာလန်အသင်းနဲ့ ခြေစမ်းပွဲမှာ စတင်ပါဝင်ခွင့်ရခဲ့ပါ တယ်။ ဒီနောက်မှာ အင်္ဂလန် လက်ရွေးစင်အဖြစ် တောက် လျှောက်ရွေးချယ်ခံ ထားရပြီး လာ မယ့်ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ရွေး ချယ်ခံရမယ့်အနေအထားမှာရှိနေပါ တယ်။ လက်စတာနည်းပြ ရေနီယာရီ ကလည်း ဗာဒီကို ဘာစီလိုနာကစား သမားနေမာနဲ့ခိုင်းနှိုင်းထားပြီး သူ့ရဲ့ တိုက်စစ်မှူးကို ရောင်းချမှာ မဟုတ်ဘူး လို့ အခိုင်အမာပြောကြားထားပါတယ်။ ဗာဒီအနေနဲ့ လက်စတာနဲ့ အင်္ဂလန် အသင်းတွေအတွက် ဘယ်လောက်ထိ ခြေစွမ်းပြဦးမယ်ဆိုတာ စောင့်ကြည့် ကြရမှာဖြစ်ပါတယ်။